Bibliographic Data

Author	ရီရီ ၊ ဒေါက်တာ	Yi Yi , Dr.	Ri¯ Ri¯ , Dok‘ ta¯	**Art.** YI0011A

Article Title
လွန်ခဲ့သော နှစ်တစ်ရာက မြန်မာပြည်
100 years of Myanmar
Lvan‘ khai' so nhca‘ 100 ka Mran‘ ma¯ praññ‘

Title (Book/Serial)
နိုင်ငံသမိုင်း သုတေသန စာစောင် ၄
Research in Burmese History No. 4

Issue and Volume

Edition

Place/ Publisher
နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန
Burma Historical Research Dept.

Distributor

Ed. Date 1979

Pagination p. 41 - 124

Annotation
About political conditions of Myanmar in 1875 under the rule of King Mindon. The author selected and translated historical documents on Myanmar from the India Consultations, Foreign and Political, 1875. These documents are the correspondence between British Deputy Commissioner of India the British Resident at Mandalay, and a political agent of Mandalay. They demonstrate in detail how the British Government carried out intrigue in Myanmar's political affairs.

Subject Terms
Myanmar - History - Later Konbaung period 1937 - 1885

Key Words
1. British Burma
2. India Consultations, Foreign and Political 1875
3. British Resident at Mandalay
4. Political Agent, Mandalay
5. Yunan
6. Bhamo Diary
7. Mandalay Diary

လွန်ခဲ့သော နှစ်တရာက မြန်မာပြည်*

ဒေါက်တာ ရီရီ၊ အကြီးတန်းသုတေသနမှူး

နိဒါန်း

ယခု မြန်မာနိုင်ငံမှာ လွန်ခဲ့သောနှစ်တရာက ဗြိတိသျှတို့ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ထားသည့် နယ်မြေများနှင့် မြန်မာမင်းပိုင်နက် မြန်မာ နယ်မြေများဟူ၍ ဖြစ်သည်။ ဗြိတိသျှတို့သည် ယင်းသို့ကျူးကျော် တိုက်ခိုက် သိမ်းပိုက်ထားသည့် နယ်မြေများကို ၁၈၆၂ တွင် စုစည်းလျက် ဗြိတိသျှမြန်မာပြည်နယ် ဖွဲ့စည်းသည်။ ထိုပြည်နယ်ကို ဗြိတိသျှတို့က ဗြိတိသျှဘားမား[၁] ဟု ခေါ်ဝေါ် သုံးနှုန်းကြ၏။ မြန်မာမင်းတို့ ပိုင်နက် နယ်မြေမှာ မြန်မာနိုင်ငံဖြစ်သည်။ ယင်းသို့ ဖြစ်ရကား ယခု မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိ နယ်မြေအားလုံးကို ညွှန်းရာ၌ မြန်မာနိုင်ငံဟု သုံးစွဲပါက မြန်မာမင်းပိုင်နက် မြန်မာနိုင်ငံနှင့် ရောထွေးသွားဖွယ်ရာ ရှိပေသည်။ ထို့ကြောင့် စာရေးသူသည် ယခု မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နယ်မြေကို ယေဘုယျသဘော ညွှန်းရာ၌ **မြန်မာပြည်** ဟူ၍လည်းကောင်း၊ ဗြိတိသျှပိုင်နက်ကို ၎င်းတို့ သုံးနှုန်းသည့်အတိုင်း ဗြိတိသျှဘားမားဟူ၍ လည်းကောင်း၊ မြန်မာမင်းပိုင်နက်ကို မြန်မာနိုင်ငံဟူ၍ လည်းကောင်း သုံးနှုန်းသွားပါမည်။

လွန်ခဲ့သော နှစ်တရာဆိုသည်မှာ မင်းတုန်းမင်းကြီး နန်းရပြီး အနှစ်နှစ်ဆယ် ကျော်ခါစ အချိန်ဖြစ်သည်။ အင်္ဂလိပ်တို့၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ဟန့်တားနိုင်စေရန် အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ ရပ်ခြားမြေဝေး တန်ခိုးကြီးနိုင်ငံများနှင့်လည်းကောင်း သင့်တင့်စွာဆက်ဆံရန် ကြိုးပမ်းနေချိန်ဖြစ်သည်။ ဗြိတိသျှတို့က မြန်မာနိုင်ငံကို မိမိတို့၏ကိုလိုနီတပိုင်းသဖွယ် ယူဆချိန်၊ အပြီးအပိုင်သိမ်းယူရန် အခါအခွင့်ကို စောင့်ဆိုင်းနေချိန်၊ ဗန်းမော်မှတဆင့် တရုတ်ကုန်းလမ်း ကုန်သွယ်ရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေချိန်လည်း ဖြစ်သည်။ ထိုအချိန်က ဗြိတိသျှတို့သည် မိမိတို့အကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်ရန် မန္တလေးနှင့် ဗန်းမော်မြို့များ၌ နိုင်ငံရေး ကိုယ်စားလှယ်များ ထားရှိချိန်လည်း ဖြစ်သည်။

လွန်ခဲ့သော နှစ်တရာက မြန်မာပြည်အကြောင်းကို ဗြိတိသျှ မှတ်တမ်းများအနက် တခုဖြစ်သော **အိန္ဒိယမှတ်တမ်း၊ နိုင်ငံခြားရေးနှင့် နိုင်ငံရေး၊** ၁၈၇၅[၂] ဇန်နဝါရီလ တလစာအတွက် မြန်မာပြည်ဆိုင်ရာများကို ထုတ်နုတ်ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ ဇန်နဝါရီလ မှတ်တမ်းများမှာ ထိုလတွင် မှတ်တမ်းစာရင်းဝင်သည့် စာရွက်စာတမ်းများ ဖြစ်ပေရာ အကြောင်းအရာအားဖြင့် အများစုမှာ ၁၈၇၄ ကုန်ခါနီးအချိန်နှင့် ဆိုင်ကြပေသည်။ မြန်မာပြည်ဆိုင်ရာ မှတ်တမ်းများတွင် ဗြိတိသျှဘားမား မဟာဝန်ရှင်တော် မင်းကြီးရုံးနှင့် အိန္ဒိယအစိုးရ၏ ပေးစာပြန်စာများ၊ အိန္ဒိယအစိုးရနှင့် မဟာဝန်ရှင်တော်မင်းကြီးတို့က နိုင်ငံရေး ကိုယ်စားလှယ်များနှင့် ဆက်သွယ်

---

* ဤစာတမ်းကို ၁၉၇၅ ခုနှစ် ပြုစုခဲ့သဖြင့် လွန်ခဲ့သော ၁၈၇၄–၇၅ ခု ပတ်ဝန်းကျင်ကို ဆိုလိုသည်။

၁။ British Burmah

၂။ *India Consultations, Foreign and Political,* 1875

သည်များ၊မန္တလေးနေ့စဉ်မှတ်တမ်း၊ဗန်းမော်နေ့စဉ်မှတ်တမ်း စသည်တို့ပါဝင်ပါသည်။ ထို့ပြင် မြန်မာပြည်မှတဆင့် ယူနန်နယ်အတွင်းသို့(ဝါ)တရုတ်ပြည်အနောက်ပိုင်းသို့ ကုန်သွယ်လမ်းကြောင်းများ စုံစမ်းရှာဖွေမည့် ဗြိတိသျှအဖွဲ့တဖွဲ့စေလွှတ်ရန် စိုင်းပြင်းနေသည့်အချိန်လည်း ဖြစ်သည့်အလျောက် ယင်းကိစ္စနှင့် စပ်ဆိုင်သည်များမှာလည်း မြန်မာပြည်ဆိုင်ရာ မှတ်တမ်းများတွင်ပါဝင်သည်။ ယင်းသို့ဖြစ်ရကား မြန်မာပြည်ဆိုင်ရာ **အိန္ဒိယမှတ်တမ်း၊ နိုင်ငံခြားရေးနှင့် နိုင်ငံရေး**၊ ၁၈၇၅ ဇန္နဝါရီလပါ အကြောင်းအရာများကို ငါးပိုင်းခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ (၁) မန္တလေး နေ့စဉ်မှတ်တမ်း (၂) ဗန်းမော်နေ့စဉ်မှတ်တမ်း (၃) တရုတ်ပြည် အနောက်ပိုင်းသို့ ကုန်သွယ် လမ်းကြောင်းများ ရှာဖွေရေးအတွက် စေလွှတ်မည့်အဖွဲ့ကိစ္စ (၄) အီတာလျံစစ်သင်္ဘောကိစ္စနှင့် (၅) ကောင်စစ် ကိုယ်စားလှယ်များနှင့် ဆိုင်ရာဆိုင်စုတို့ ဖြစ်ပါသည်။

မန္တလေး နေ့စဉ်မှတ်တမ်းဆိုသည်မှာ မန္တလေးမြို့ရှိ ဗြိတိသျှ နိုင်ငံရေး ကိုယ်စားလှယ်၏ နေ့စဉ်မှတ်တမ်းများ ဖြစ်ပေသည်။ ထိုနိုင်ငံရေး ကိုယ်စားလှယ်ကို ဗြိတိသျှ မှတ်တမ်း များတွင် မန္တလေးမြို့ရှိ ဗြိတိသျှရယ်စီဒင်[၁]၊ နိုင်ငံရေးကိုယ်စားလှယ်၊ မန္တလေး[၂] စသဖြင့် ရေးမှတ်ကြပါသည်။ မြန်မာအရာရှိများနှင့် မြန်မာစာဖြင့်ဆက်သွယ်ရာ၌ နှစ်ဦးနှစ်ဘက်လုံးက ယင်းရယ်စီဒင်ကို "ဣန္ဒြိယ တိုင်းကို အုပ်စိုးတော်မူသော ဘုရင်ခံမင်းမြတ်၏ ကိုယ်စားတော် အရေးပိုင် မင်းကြီး" ဟု ရေးမှတ် ကြသည့်ပြင် **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး** ကလည်း ၎င်းအား "အင်္ဂလိပ် အရေးပိုင်" ဟု ရေးသားသည်ဖြစ်ရာ စာရေးသူသည် ယင်းကိုညွှန်းရာ၌ ဗြိတိသျှအရေးပိုင်ဟု ရေးသားပါမည်။ ဗန်းမော် နေ့စဉ်မှတ်တမ်းဆိုသည်မှာ ဗြိတိသျှအစိုးရ၏ ဗန်းမော်တွင် ထားရှိသည့် နိုင်ငံရေး ကိုယ်စားလှယ်၏ နေ့စဉ်မှတ်တမ်းဖြစ်ပေသည်။

ထိုအချိန်က ဗြိတိသျှအစိုးရ(ဝါ)အိန္ဒိယအစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပရေးရာများ၌ ဝင်ရောက်စွက်ဖက်ရန် အမြဲကြိုးပမ်းသျက်ရှိသည်ကို အများသိဖြစ်ပါသည်။ သို့သော် အများ သူငါမှာ ယေဘုယျ သဘောမျှသာ သိကြခြင်း ဖြစ်သည်။ မည်သို့မည်ပုံ ဝင်ရောက် စွက်ဖက်ရန် ကြိုးပမ်းခဲ့သည်များကို ခရေစေ့တွင်းကျ အသေးစိတ် သိရှိရန် အခွင့်အရေး မရှိခဲ့ကြ သေးပေ။ ဗြိတိသျှတို့၏ မှတ်တမ်းများကို လေ့လာပါမူ ယင်းတို့ မည်သို့လုပ်ကိုင် ဆောင်ရွက် ကြသည်ကို ထင်ရှားစွာ မြင်တွေ့ရမည် ဖြစ်ပေသည်။ မန္တလေး ဗြိတိသျှ အရေးပိုင်နှင့် ဗန်းမော် နိုင်ငံရေး ကိုယ်စားလှယ်တို့၏ နေ့စဉ်မှတ်တမ်းများကိုကြည့်လျှင် မြန်မာနိုင်ငံ၏ ပြည်တွင်း ပြည်ပရေးရာ များကို မည်ရွေမည်မျှ အစုံအစေ့လေ့လာ မှတ်တမ်းတင်ကြသည်ကို ကွက်ကွက်ကွင်းကွင်း မြင်ရပါ လိမ့်မည်။ အဆိုးသဲက အကောင်းကိုရှာသော် ယင်းတို့ ဤသို့မှတ်တမ်းတင်ခဲ့၍သာ မိမိတို့နိုင်ငံ ဆိုင်ရာ အချို့အချက်အလက်များကို သိရပေသည်ဟု ယူဆနိုင်ပေသည်။

ဘာသာပြန်ဆိုရာ၌ ပါဝင်သည့် မန္တလေးနေ့စဉ်မှတ်တမ်းမှာ ဗြိတိသျှ အရေးပိုင်၏ ၁၈၇၄ နိုဝင်ဘာလအတွက် နေ့စဉ်မှတ်သားချက်များ ဖြစ်ပါသည်။ ယင်းတွင် ပြည်တွင်း ပြည်ပ ရေးရာ အဖြာဖြာပါဝင်သည်ကို တွေ့ရပါလိမ့်မည်။ ဥပမာ နိုင်ငံခြားရေးနှင့် စပ်လျဉ်း၍ မင်းတုန်းမင်းကြီးက ပြင်သစ်၊ တရုတ်ပြည်နှင့် ကာလကတ္တားတို့သို့ သံအဖွဲ့များစေလွှတ်ရန် စီစဉ်သည်များ၊ မင်းတုန်း မင်းကြီးက ရုရှားဘုရင်အတွက် ပေးပို့လိုက်သည့် လက်ဆောင်တော်များအကြောင်း၊ ပြည်ထဲရေးနှင့်

၁။ British Resident at Mandalay

၂။ Political Agent, Mandalay

ပတ်သက်၍ ကရင်နီနယ်ကိစ္စ၊ သိန္နီနယ်မှပုန်ကန်မှု၊ ကချင် အကြီးအကဲတို့ လက်ဆောင်တော် ဆက်ရောက်ခြင်း၊ မစ္စတာဒေါ်ဆင်အား မင်းတုန်းမင်းကြီးက အသုံးပြုရန် ကြိုးပမ်းခြင်း၊ တူမီးသေနတ်ထုတ်လုပ်ခြင်း၊စစ်ရေးလေ့ကျင့်ခြင်း၊သင်္ဘောပြတန်းခံတပ် တည်ဆောက်ခြင်း၊ တရုတ်ပြည်နှင့် နှစ်စဉ် ကူးသန်းရောင်းဝယ်ရေး တန်ဖိုး၊ ကြက်ပေါင်ဈေးကို ကုန်တော်ပြုလုပ်ခြင်းစသည့် အကြောင်းအရာများ ပါဝင်သည်။ ဤတွင် **ကုန်တော်**ဟူသော အသုံးအနှုန်းကို ရှင်းလင်းရန်လို ပေလိမ့်မည်။ ဘုရင်**တဦးတည်း**ကသာ ရောင်းဝယ်ခွင့်ရှိသော ချုပ်ကိုင်ထားသော ကုန်ကို **ကုန်တော်** ဟု ခေါ်သည်။ယင်းသည်ကို ဗြိတိသျှမှတ်တမ်းတို့တွင် မိုနိုပိုလီ[၁] ဟု ခေါ်သော်လည်း မြန်မာခေတ်ပြိုင် မှတ်တမ်းများတွင် ကုန်တော်ဟုသုံးနှုန်းသဖြင့် စာရေးသူလည်း ယင်းသို့ချုပ်ကိုင်ထားသည့် ပစ္စည်းမျိုးကို ကုန်တော်ဟု ရေးသားခြင်း ဖြစ်သည်။

ဘာသာပြန်ဆိုချက်တွင်ပါဝင်သည့် ဗန်းမော်နေ့စဉ်မှတ်တမ်းမှာ နိုင်ငံရေး ကိုယ်စားလှယ်၏ ၁၈၇၄ အောက်တိုဘာလအတွက် နေ့စဉ်မှတ်တမ်းများဖြစ်သည်။ သူသည်လည်း ဗြိတိသျှအရေးပိုင် ကဲ့သို့ပင် ပြည်တွင်းပြည်ပရေးရာ အဖြာဖြာကို လေ့လာ မှတ်တမ်းတင်သည်။ ထို့ကြောင့် ယင်းမှတ်တမ်းတွင် ဗန်းမော်ဝန်နှင့် ကချင် စော်ဘွားတို့၏ ဆက်ဆံရေး၊ ခန္တီး ရှမ်းနယ်မှ သတင်း၊ မြန်မာတရုတ်နယ်စပ်သတင်း၊ ကချင်စော်ဘွားအချို့ မန္တလေးသို့ ဘုရင်မင်းမြတ်အား အဖူးအမြော် သွားခြင်း စသည့် နိုင်ငံရေးအချက်များ၊ နွားဝန်တင်၊ လားဝန်တင်မည်မျှ မည်မျှရောက်လာသည်၊ ယင်းတို့တွင်ပါသည့် ကုန်ပစ္စည်းများ၊ ဗန်းမော်သို့ ဆန်တက်လာသည့်သင်္ဘောတို့တွင် ပါလာသည့် ကုန်ပစ္စည်း၊ သယ်ဆောင်သွားသည့်ကုန်ပစ္စည်း၊ ကြက်ပေါင်ဈေးကို ကုန်တော်ပြုလုပ်သဖြင့် တရုတ် ကုန်သည်များ မကျေမနပ် ဖြစ်ခြင်း၊ ထိုသို့ပြုလုပ်သဖြင့် အိန္ဒိယ တိုင်းရင်းသားများ နစ်နာခြင်း၊ ဗန်းမော်ဝန်က ဘုရင့်သင်္ဘောတော်များဖြင့်သာ ကုန်တင်ရန် တရုတ်ကုန်သည်တို့နှင့် စာချုပ် ချုပ်ဆိုခြင်း စသည့် စီးပွားရေး အချက်အလက်များ၊ ဗန်းမော်မြို့၏လူဦးရေ၊ မြတောင် မြို့သူ မြို့သားတို့ကမြို့သူကြီး အာဏာကို ဖီဆန်ခြင်း၊အိန္ဒိယတိုင်းရင်းသား ဂိုလတ်အား ဓားပြတိုက်မှုစသည့် အထွေထွေအကြောင်းအရာများလည်း ပါရှိသည်။

အင်္ဂလိပ်တို့သည် များသောအားဖြင့် လုပ်ငန်းကိုင်ငန်း ဆောင်ရွက်ရာ၌ စေ့စပ်သေချာ စနစ်ကျလှသည်။ သည်ကဲ့သို့ စေ့စပ်သေချာသဖြင့်လည်း ထိုစဉ်က ကမ္ဘာတွင် ကိုလိုနီအများဆုံး ပိုင်ဆိုင်သည့် နိုင်ငံဖြစ်လေသလောဟု စဉ်းစားဖွယ်ရှိသည်။ ယင်းတို့၏နယ်ချဲ့ပုံကို မလိုလားအပ် သော်လည်း ယင်းတို့၏ စေ့စပ်သေချာ စနစ်ကျမှုကိုမူ လေ့လာ၍ အတုယူထိုက်ပေသည်။ ယင်းတို့ မည်မျှ စေ့စပ် သေချာသည်ကို ယူနန် ပြည်နယ်အတွင်း ကုန်သွယ်လမ်းကြောင်းများ စုံစမ်း ရှာဖွေရန်အတွက် ပြုလုပ်သည့် အစီအစဉ်များကိုကြည့်လျှင် ထင်ရှားစွာ မြင်တွေ့ရမည်ဖြစ်သည်။

ယင်းအစီအစဉ်များအနက် အချို့ကိုဖော်ပြရသည်ရှိသော် သိန္နီကြောင်း၊ ဗန်းမော်ကြောင်း စသဖြင့် မည်သည့်သမ်းကြောင်းက သွားမည်ကို ဦးစွာဆုံးဖြတ်ရသည်၊ မြန်မာအစိုးရထံမှ အဖွဲ့ အတွက် လိုအပ်သည့်အကူအညီများ တောင်းခံရသည်။ ဘင်္ဂလားကုန်သည်ကြီးအသင်းနှင့် မဒရပ်စ် ကုန်သည်ကြီးအသင်းတို့ကို ယင်းတို့ အထူးစုံစမ်းလိုသည့် အချက်အလက်များကို မေးမြန်းသည်။ တရုတ်ပြည်၌ ဘိန်းသုံးစွဲမှုအတိုင်းအတာနှင့် သုံးစွဲမှု၏အကျိုးဆက်များကို တိတ်တဆိတ်စုံစမ်းရန်

၁။ Monopoly

မှာကြားသည်။ စေလွှတ်မည့်အဖွဲ့အတွက် အစောင့်အရှောက်ကိုစ စီစဉ်ရာ၌ အကြောင်းကြောင်းကိုထောက်၍ အစောင့်အရှောက်ဘို့သည် 'မဟာမေဒင်' များမဖြစ်ရဟု မှာကြား၏။ အစောင့်အရှောက်ဘို့ကို ဆစ်ကလူမျိုးတို့ဖြင့် ဖွဲ့စည်းရန် ဆုံးဖြတ်ပြီးသည့်နောက်တွင် အစစအရာရာ အဆင်ပြေစေရန် ဆစ်ကဘို့ကိုပေးရမည့်ရိက္ခာ၊ ၎င်းတို့၏ဇာတ် ပညတ်ချက်များ၊ ယင်းတို့၏စားသောက်မှုစနစ်သုံးခံများကို အဖွဲ့ခေါင်းဆောင်သိရှိစေရန် ညွှန်ကြားပေးရသည်။ ယူနန်နယ်တွင် အရာရှိကြီးငယ်တို့အားပေးရန် လက်ဆောင်များ စုဆောင်းရေးအတွက် ယင်းတို့ ကြိုက်နှစ်သက်မည့် ပစ္စည်းများကို မကြာခင်က ယူနန်မှ ပြန်ရောက်လာသည့် တရုတ်ကုန်သည်များကို မေးမြန်း၍ စာရင်းပြုလုပ်သည်။ ဗန်းမော်တွင် လားဝန်တင်ကများ ရရန်မလွယ်သည့်အတွက် အိန္ဒိယကသယ်ဆောင်ရန်စီစဉ်သည်။ ရောက်ပေါက်ရာဒေသတို့၌ ရုက္ခဗေဒနှင့် တိရစ္ဆာနဗေဒ ဆိုင်ရာများကို လေ့လာရန်အဖွဲ့တွင် သဘာဝလေ့လာသူတဦး ပါဝင်စေသည်။ ထိုသူက သဘာဝပုံစံ နမူနာများ စုဆောင်းရာ၌ လိုအပ်မည့် လက်ထောက်နှင့် ပစ္စည်း ကိရိယာစာရင်းများ တင်ပြ တောင်းခံရသည်။ ဤမျှသော အစီအစဉ်ဘို့ကိုကြည့်လျှင်ပင် ဗြိတိသျှတို့သည် ကိစ္စတခုလုပ်ဆောင်ရန်အတွက် မည်မျှစေ့စပ်သေချာစွာ စီစဉ်ဆောင်ရွက်သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရမည်ဖြစ်ပေသည်။

ဗြိတိသျှတို့သည် မြန်မာပြည်ကို မိမိတို့အတွက် သပိတ်ခွင်အိတ်ခွင် သဘောထားကြသည်။ ထို့ကြောင့် အခြားဥရောပနိုင်ငံများက မြန်မာပြည်အပေါ် စိတ်ဝင်စားလျှင် မရှုစိမ့်နိုင်ကြချေ။ မနာလိုဝန်တို ဖြစ်တတ်ကြသည်။ အီတာလျံ စစ်သင်္ဘောငယ်တစင်း ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည့် ကိစ္စကိုကြည့်လျှင် ထင်ရှားပေသည်။ ဗြိတိသျှ ဘားမား ဆိပ်ကမ်းမြို့များတွင် အနောက်နိုင်ငံအချို့မှ ကောင်စစ်ဝန်များ ကောင်စစ်ကိုယ်စားလှယ်များကို လွှန်ခဲ့သောနှစ်တရာကထားရှိနေပြီ ဖြစ်သည်။

ဘာသာပြန်ဆိုရာ၌ နိုင်ငံခြားသားအမည်များကို အနီးစပ်ဆုံးအသံထွက်ဖြင့် ရေးသားထားသည်။ မြန်မာတိုင်းရင်းသား အမည်အချို့နှင့် မြို့ရွာမည်မှတ်များကို မြန်မာပြန်ဆိုရာ၌ အင်္ဂလိပ်တို့က ပင်ရင်းအသံထွက်အတိုင်း ပီသစွာမရေးသားနိုင်သဖြင့်လည်းကောင်း၊ စာရေးသူ၏ ဒေသဗဟုသုတနည်းပါးမှုကြောင့်လည်းကောင်း မြန်မာပြန်ရာ၌ မှားယွင်းမှုများ ရှိတန်ရာသည်ကို ကြိုတင်ဝန်ခံရပါသည်။ အမှားအယွင်းများတွေ့ရှိပါက စာရေးသူအံ ကျေးဇူးပြု၍ အကြောင်းကြားစေလိုပါသည်။ စာရှုသူဘို့က အမှားကို ပြင်ဆင်ပေးခြင်းအားဖြင့် နောင်တွင် အမှန်အတိုင်း ရေးသားနိုင်မည်ဖြစ်ပါသည်။ နောက်ဆက်တွဲ ၁ တွင် လူမည်နှင့်မြို့ရွာမည်မှတ် ပြန်ဆိုချက်နှင့် မူရင်းအင်္ဂလိပ်ရေးထုံးများကို အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

အိန္ဒိယအစိုးရဌာနအချို့နှင့် ရာထူးအချို့ကို မြန်မာပြန်ဆို၍ ရသော်လည်း အချို့မှာမူ အတိအကျပြန်ဆိုနိုင်ခြင်းမရှိချေ။ ထိုအခါမျိုးတွင် မြန်မာပြန်ဆိုခြင်း မပြုတော့ပဲ မူလသုံးနှုန်းသည့်အတိုင်းပင် ထားရှိပါသည်။ မည်သည့်ဌာန၊ ရာထူးကိုမည်သို့ပြန်သည်၊ မည်သည်ကို မူရင်းအတိုင်းထားသည်ကို သိသာနိုင်စေရန် နောက်ဆက်တွဲ ၂ တွင် ဌာနနှင့် ရာထူးစာရင်း တခုကိုလည်း အက္ခရာစဉ်ထားပါသည်။ အင်္ဂလိပ်ဝေါဟာရ အချို့မှာ ဘာသာပြန်ရာ၌ အမျိုးမျိုး သုံးနှုန်း၍ရသည်ဖြစ်သောကြောင့် စာရှုသူတို့တွင် မည်သည့်ဝေါဟာရကိုမည်သို့ပြန်ဆိုသည်ကို သိလိုသူတို့ ရှိကောင်းရှိပေမည်။ ထိုသူတို့အတွက် မြန်မာ အင်္ဂလိပ် ဝေါဟာရ စာရင်းတရပ်ကိုလည်း နောက်ဆက်တွဲ ၃ တွင် ဖော်ပြထားပါသည်။

ခြုံငုံ၍ဆိုရသော် ယခုတင်ပြသည့် ဗြိတိသျှမှတ်တမ်း မြန်မာပြန်ဆိုချက်များတွင် လူသိနည်းသေးသည့် အကြောင်းအချက်များပါရှိပါသည်။ ယင်းတို့တွင် လွန်ခဲ့သော နှစ်တရာက မြန်မာတိုင်းရင်းသားတို့ မနှစ်မြို့ဖွယ်ရာများ ပါကောင်းပါပေမည်။ မျက်မှောက်ခေတ် တိုင်းရင်းသားတို့ မနှစ်ခြိုက်သည့် အကြောင်းအရာများလည်း ပါကောင်းပါပေမည်။ ကျောခိုင်းနံစပ် အိမ်နီးချင်းနိုင်ငံများက မနှစ်သက်သည်များလည်း ရှိတန်ကောင်းရှိပေမည်။ သို့သော် တင်ပြသည်များမှာ လွန်ခဲ့သည့် နှစ်တရာကကိစ္စများဖြစ်၍ မျက်မှောက်ခေတ်နှင့်လည်းလုံးဝမဆိုင်၊ မြန်မာတို့လက်ခံရေးသားခဲ့သည်များလည်းမဟုတ်၊ ဗြိတိသျှနယ်ချဲ့အရင်းရှင်တို့က ယင်းတို့အချင်းချင်း အပြန်အလှန်ရေးသားသည့် စာရွက်စာတန်းများကို သမိုင်းဗဟုသုတသင်ခန်းစာ ပညာပေးလို၍ ဘာသာပြန်ခြင်းမျှသာ ဖြစ်ပါသည်။ မှန်သည်မှားသည်ဖြစ်စေ ဗြိတိသျှတို့က မြန်မာတိုင်းရင်းသားများအပေါ် မည်ကဲ့သို့ ရှုမြင်သုံးသပ်ခဲ့သည်ကို လည်းကောင်း၊ မိမိတို့နှင့် ပတ်သက်၍မည်ကဲ့သို့ကြံစည် ဆောင်ရွက်ခဲ့သည်ကိုလည်းကောင်း သိမြင်ရန်လိုပေသည်။ ယင်းသို့သောအချက်အလက်အလုံးစုံမှာ ယင်းတို့ ရေးသားခဲ့သည့် သမိုင်းများတွင်လည်း မပါခဲ့ပါချေ။ နှောင်းလူတို့ရေးသားသည့် သမိုင်းများတွင်လည်း ခရေစေ့တွင်းကျ မပါဝင်ပေ။ ထို့ကြောင့် ဗြိတိသျှတို့သည် မြန်မာပြည်နှင့်ပတ်သက်၍ လွန်ခဲ့သော နှစ်တရာက မည်သို့ကြံစည်လုပ်ကိုင် ဆောင်ရွက်ခဲ့သည်ကို ထင်ရှားစွာသိမြင်နိုင်စေရန် ယင်းတို့၏ မြန်မာပြည်ဆိုင်ရာ တလတာမှတ်တမ်းများကို ဘာသာပြန်ဆို တင်ပြလိုက်ခြင်း ဖြစ်ပေသည်။

အိန္ဒိယမှတ်တမ်း၊ နိုင်ငံခြားရေးနှင့် နိုင်ငံရေး (၁၈၇၅ ဇန္နဝါရီလ)

အမှတ်စဉ် ၂၅

စာအမှတ် ၅၄၅ - ၁ ပီ၊ ရန်ကုန်၊ နေ့စွဲ ၁၈၇၄ ဒီဇင်ဘာလ ၅ ရက်နေ့
မှ – လူဝစ်စ်မက်အိုင်ဗာ၊ အက်စ်ကွိုင်ယာ၊ ဗြိတိသျှဘားမား မဟာဝန်ရှင်တော်
မင်းကြီး၏ ယာယီအတွင်းဝန်ကလေး

ထံ – စီ၊ ယူ၊ အိပ်ချစ်ဆင်၊ အက်စ်ကွိုင်ယာ၊ စီ၊ အက်စ်၊ အိုင်၊ အတွင်းဝန်၊
နိုင်ငံခြားရေးဌာန၊ အိန္ဒိယအစိုးရ

ညွှန်ကြားချက်အရ ဤရုံးစာအမှတ် ၅၁၁ - ၁ ပီ၊ နေ့စွဲ ၁၈၇၄ နိုဝင်ဘာလ ၂၀ ရက်ကို ဆက်လက်၍၊ မန္တလေးဗြိတိသျှအရေးပိုင်၏ နေ့စဉ်မှတ်တမ်း ၁၈၇၄ နိုဝင်ဘာလ ၁ ရက်မှ ၁၅ ရက်အထိကို အိန္ဒိယအစိုးရ သိရှိစေရန် တဆင့်ပေးပို့ပါသည်။

အမှတ်စဉ် ၂၆

မန္တလေးမြို့ ဗြိတိသျှအရေးပိုင်၏ နေ့စဉ်မှတ်တမ်း

၁၈၇၄ နိုဝင်ဘာလ ၁ ရက်မှသည် ၁၅ ရက်နေ့အထိ။

၁၈၇၄ နိုဝင်ဘာလ ၁ ရက်နေ့။ ။အီတလီသို့ သံအဖွဲ့တဖွဲ့စေလွှတ်ရန် ပြောဆိုနေကြဟန်တူသည်။ မကြာမီ စာရေးတော် တယောက်ကိုလည်း ပြင်သစ်သို့ စေလွှတ်မည်ဟု သတင်းရပါသည်။ သံအဖွဲ့များစေလွှတ်ခြင်း၏ရည်ရွယ်ချက်ကိုကား မသိရသေးချေ။ ပီကင်းသွားမည့်သံအဖွဲ့မှာ စတင်ထွက်ခွာရန် ပြင်ဆင်နေကြပြီဖြစ်သည်။ တရုတ်နှင့်မြန်မာတိုက်ခိုက်ရေးနှင့် ကာကွယ်ရေးမဟာမိတ်စာချုပ် ချုပ်ဆိုရန် စေ့စပ်ဖွယ်ရှိကြောင်းလည်း ကြားရသည်။

နိုဝင်ဘာလ ၂ ရက်နေ့။ ။အောက်တိုဘာလ ၂၉ ရက်နေ့ နေ့စွဲဖြင့် နေ့စဉ်မှတ်တမ်းတွင် ရည်ညွှန်းခဲ့သည့် သင်္ဃာများအနက် လေးပါးမှာ အရေးအခင်း၌ ရခဲ့သည့်ဏာဒဏ်ချက်တို့ကြောင့် ပျံလွန်တော်မူကြပြီဖြစ်သည်။ ဆိုးသွမ်းသင်္ဃာများ[၁] အနက် အများစုကို ရေဝတီမြစ်လယ်သို့ ဆောင်ယူ၍ ကျောက်ဆူးချထားသည့် တဲသင်္ဘောမှာထားသည်။

တပ်များ မန္တလေးမှ တောင်ဘက်သို့ ထပ်မံထွက်ခွာကြပြန်ပြီ၊ သိန္နီသို့ချီတက်၍ ဝေဖဟဲကို တိုက်ကြရမည်ဟု ပြောဆိုနေကြပါသည်။

နိုဝင်ဘာလ ၃ ရက်နေ့။ ။ဝန်ထောက်သစ် ဦးခြိမ့်နှင့် စာရေးတော်တဦးတို့သည် မကြာမီ ကာလကတ္တားသို့ထွက်ခွာမည်ဖြစ်ကြောင်း၊ အနောက်ဘက်ကရင်နီနယ်အရေးအခင်းနှင့်စပ်လျဉ်း၍ စေ့စပ်မည်ဖြစ်ကြောင်း၊ သို့မဟုတ် ယင်းကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယအစိုးရ၏ ညွှန်ကြားချက်များကို စုံစမ်းမည်ဖြစ်ကြောင်း သိရပါသည်။

ပီကင်းသို့သွားမည့် မြန်မာသံအဖွဲ့မှာ မနက်ဖြန် မန္တလေးမှ ဗန်းမော်သို့ ထွက်ခွာမည်။

နိုဝင်ဘာလ ၄ ရက်နေ့။ ။တရားစီရင်ရေး အာဏာနှင့်အပ်ထားသော မြန်မာအရာရှိတဦးကို ရန်ကုန်သို့သွားရန် နန်းတော်တွင် ပြောဆိုကြပြန်သည်၊ ဤကိစ္စမှာ စဉ်းစားသည့်အဆင့်တွင်သာ ရှိသေး၍ ဖြစ်ကောင်းမှဖြစ်မည်။ ဖလ်ချက်ဝန်သည် ယင်းနေရာအတွက် သင့်တော်ကြောင်းပြောဆိုနေကြသည်။

ယနေ့နံနက်စောစော မြို့တော်၌ မီးအကြီးအကျယ်လောင်၍ စပေမင်းသား[၂]အိမ်နှင့် အိမ်ရှိပစ္စည်းအားလုံး ဆုံးရှုံးသည်။

မစ္စတာမက်ကစ် မန္တလေးမှထွက်ခွာတော့မည်ဖြစ်ကြောင်း ဘုရင်ကြားသိသဖြင့် ဘုရားရှိခိုးကျောင်းသို့ အကြွေးကိုဆပ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ မိန့်တော်မူကြောင်း သိရှိရပါသည်။

နိုဝင်ဘာလ ၅ ရက်နေ့။ ။တရုတ်ပြည်သွားမြန်မာသံအဖွဲ့သည် ယမန်နေ့က မန္တလေးမှ ဗန်းမော်သို့ ဘုရင့်မီးသင်္ဘောတော်တစင်းနှင့် ထွက်ခွာသွားသည်။ သံအကြီးမှာ စာရေးတော်ကြီးမြင်းကဲ

၁။ Delinquent Priests

၂။ Sabeer Prince စပယ်မင်းသားလည်း ဖြစ်နိုင်ပါသည်။

စစ်ကဲဖြစ်၏။ ။ဘုရင့်ထံမှ တရုတ်ကေရာဇ်သို့ ရာဇသံစာနှင့် ဆင်လေးစီး၊ ရွှေငွေ့ကြက်များစသည့် လက်ဆောင်တော်များပါသည်။ ရာဇသံစာမှာ မိတ်ဆွေအချင်းချင်းပေးသည့် ချစ်ကြည်ရေးသဏ္ဌာန် လွှာမျှသာ ဖြစ်သည်ဟု သိရှိရသည်။ သို့သော် မြန်မာသံအကြီးသည် ပီကင်း၌ တိုက်ရေးခိုက်ရေး ကာကွယ်ရေးနှင့် စပ်လျဉ်း၍ လျှို့ဝှက်စွာ စေ့စပ်ဖွယ်ရှိပါသည်။

တရုတ်ပြည်သို့ စေလွှတ်မည့် ဗြိတိသျှအဖွဲ့မှာ ဗန်းမော်ကြောင်းသွားမည်ဖြစ်ကြောင်း ကြေးနန်းတခေါင် ယနေ့ရရှိသဖြင့် ယင်းကိစ္စကို မြန်မာအစိုးရအား အကြောင်းကြားပြီးဖြစ်၏။

နိုဝင်ဘာလ ၆ ရက်နေ့။ ။အကြောင်းအထူးမရှိပါ။

နိုဝင်ဘာလ ၇ ရက်နေ့။ ။ဗန်းမော်အနီး ကချင်အကြီးအကဲများကို ဘုရင့်သစ္စာတော်ခံစေရေး တိုက်ဘွန်းချန် အစီအစဉ်များ ရှိဟန်တူသည်။ ယင်းကိစ္စ အောင်မြင်ရေးအတွက် လှုံ့လဝီရိယနှင့် ဆောင်ရွက်ရဖွယ်ရှိ၏။ ။မိုးကောင်းအနီးမှ တောင်စားအချို့သည် မန္တလေးသို့ရောက်လာကြ၍ လက်ဆောင်စသည်များချကြသည်။

အနောက်ဘက်ကရင်နီနယ်မှ စော်ဘွားခွန်တီ၏သားများ ရက်အနည်းငယ်အတွင်း ဘုရင်မင်းမြတ်အား ဆက်သရန် လက်ဆောင်တော်များနှင့် ရောက်ဖွယ်ရှိသည်။ ထိုအခါ သစ္စာတော်ကို ကိုယ်စားဖြင့် ခံယူစေမည်ထင်ရသည်။

နိုဝင်ဘာလ ၈ ရက်နေ့။ ။အကြောင်းထူးမရှိပါ။

နိုဝင်ဘာလ ၉ ရက်နေ့။ ။နန်းတော်သစ်တပ်အတွင်း သစ်သားဖြင့် ဆောက်လုပ် ထားသည့် သတော်ပုံတူတွင် သေနတ်လေ့ကျင့်နေကြဆဲဖြစ်သည်။ မကြာမီက တူမီးသေနတ် ၄၅၀ ခန့် ထုတ်လုပ်ပြီး ဖြစ်သည့်ပြင် အမြောက်များကိုလည်း ချေးချွတ်၍ အသင့်ပြင်ဆင်ထား၏။

နန်းတော်သစ်တပ်အတွင်း၌ ပန်းပဲတိုမှာ ဓားသေနတ်စသည်များ လုပ်ဆောင်နေကြဆဲ ဖြစ်သည်။ အဝမ္ပိုဆိတည့်ရှိခံမ္ပို (သပြေတန်း)ကို အီတာလျံအင်ဂျင်နီယာများ ကြီးကြပ်၍ ဆောက်လုပ်နေသည်။

ရှင်ဘုရင်က အလုပ်များ၍ အတွေ့မခံနိုင်ဆိုသောကြောင့် ဝန်ကြီးများနှင့် သွားရောက် တွေ့ဆုံသည်။ အိန္ဒိယအစိုးရနှင့်ပူးပေါင်းပြီးအနောက်ဘက်ကရင်နီနယ်ကိစ္စကို ချစ်ကြည်စွာ ဖြေရှင်း သင့်သည်ကိုထပ်မံတိုက်တွန်းသည်။ ဝန်ကြီးများက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ယင်းတို့မှာ အစွမ်းကုန် ဆောင်ရွက်လျက်ရှိကြောင်း ပြောဆိုကြသည်၊ သို့သော် စကားမျှသာဖြစ်သည်ဟု ထင်ရသည်။

ကင်းမင်းကြီး (ကင်းဝန်မင်းကြီး)က တရုတ်ပြည်သွား မြန်မာသံအဖွဲ့သည် ဆင်များ ရောက်အောင် ဗန်းမော်၌ အတန်ကြာမြင့်စွာစောင့်နေရမည်ဖြစ်ကြောင်း ဗြိတိသျှသံအဖွဲ့ ဗန်းမော်မှ ထွက်ခွာသည့်တိုင်အောင် ယင်းတို့ထွက်ခွာနိုင်ကောင်းမှ ထွက်ခွာနိုင်မည်ဖြစ်ကြောင်း ပြောကြား သည်။ထို့ပြင် ကောင်တ်မာရပ်စ်ကယ်လ်ချီသည် လာမည့်ဖေဖော်ဝါရီလတွင် မန္တလေးသို့ပြန်လာဖွယ် ရှိကြောင်းလည်း ပြောကြား၏။ သို့သော် စီးပွားရေးစာချုပ်အပြီးအဆုံး မစေ့စပ်လျှင် ယင်းသို့ ဖြစ်နိုင်အံ့မထင်ပါ။

နိုဝင်ဘာလ ၁၀ ရက်နေ့။ ။အထူးအထွေမရှိပါ။

နိုဝင်ဘာလ ၁၁ ရက်နေ့။ ။ကာလကတ္တားသို့ သွားမည့် မြန်မာသံအဖွဲ့သည် ရက်အနည်းငယ်အတွင်း မန္တလေးမှထွက်ခွာမည်ဖြစ်သည်။ ဗောဓိပင်(မဟာဗောဓိ)သို့သွားရန်ဟု အကြောင်းပြ၍ ပုဏ္ဏားများလည်း စေလွှတ်မည်ဖြစ်ကြောင်း ကြားသိရသည်။ သို့သော် ထိုပုဏ္ဏားတို့မှာ သွားဖြစ်ပါက အိန္ဒိယတွင် တိုင်းရင်းမင်းများထံလည်း သွားရောက်ဖွယ်ရှိသည်။

တရုတ်ကုန်သည်တို့ကိုဗြိတိသျှသင်္ဘောများဖြင့် ကုန်မတင်ပဲ၊ ဘုရင့်သင်္ဘောတော်များဖြင့်သာ ကုန်တင်ရန်တိုက်တွန်းရာ၌ အောင်မြင်ကြောင်း ဗန်းမော်ဝန်က လျှောက်ထားအစီရင်ခံသည်။ ဤသို့လုံ့လဥဿာဟထုတ်ခြင်းကို ဘုရင်မင်းမြတ်က အားရမည်ဖြစ်သော်လည်း တရုတ်ကုန်သည်တို့မှာ အကင်းပါးလှသဖြင့် ဗန်းမော်ဝန်ကိုဂရုမမူပဲ မိမိတို့ ကိုယ်ကျိုးကိုသာ ကြည့်မည်ဖြစ်၏။ ဗန်းမော်မြို့၏ ကူးသန်းရောင်းဝယ်ရေးတန်ဖိုးမှာ တနှစ်လျှင် တဆယ့်ငါးသိန်းမှ သိန်းနှစ်ဆယ်အထိ ဖြစ်သည်။

နိုဝင်ဘာလ ၁၂ ရက်နေ့။ ။မန္တလေးတွင် နေထိုင်သော အီတာလျံတဦးသည် ဘုရင့်ထံမှ ငွေ ၁၂၀၀ နှင့် စာချုပ်များရရှိ၍ အီတလီသို့ ထွက်ခွာသွားသည်။ ထိုစာများကို အီတလီတွင် မြန်မာ့အကျိုးစီးပွားကို ကိုယ်စားပြုသည့် အီတာလျံကိုယ်စားလှယ်များအား ပေးရမည်ဖြစ်ကြောင်း သိရှိရသည်။ ရဲ့ဘ်သူဒေဒမန်ဒ် တွင်ပါသော မန္တလေးရောက် ပြင်သစ်သံအဖွဲ့အကြောင်းနှင့် စပ်လျဉ်း၍ ကောဒ်တ်မာရယ်စ်ကယ်လ်ချီ၏ ပေးစာကို ရှင်ဘုရင်အတွက် ပြန်ဆိုခဲ့ကြသည်။ အတော်ပင် မခံမရပ်နိုင် ဖြစ်ကြ၏။

နိုဝင်ဘာလ ၁၃ ရက်နေ့။ ။အထူးအထွေမရှိပါ။

နိုဝင်ဘာလ ၁၄ ရက်နေ့။ ။ဘုရင်က ခွန်တီနှင့် ခွန်ဆာတို့ထံ လက်ဆောင်များနှင့် စေလွှတ်သည့် ဟဲလုံစော်ဘွားမှာ အောင်မြင်မှုမရပဲ ပြန်လာသည်။ အကြီးအကဲနှစ်ဦးလုံးက မန္တလေးသို့ မလာလိုကြချေ။ အကြီးအကဲနှစ်ဦးလုံးအား ဘုရင့်အမိန့်တော်ကို နာခံစေရန် တိုက်တွန်းပေးပါမည်ဟု ခံဝန်သူတဦးနှင့် သံတမန်တယောက်ကို ဘုရင်မင်းမြတ်က ထပ်မံစေလွှတ်ပြန်သည်။ ခွန်တီနှင့် ခွန်ဆာတို့မှာ သည်တကြိမ်အမိန့်တော်ကို မနာခံပါမူ အရှေ့ဘက်ကရင်နီများအား လက်နက်တပ်ဆင်၍ သွယ်ဝိုက်သောနည်းဖြင့်အကူအညီပေးကာ ခွန်တီနှင့် ခွန်ဆာတို့ကို တိုက်ခိုက်စေမည်ဟု သိရသည်။ တကြိမ်တည်းမှာပင် မြန်မာတပ်များကလည်း ကရင်နီနယ်စပ်တွင် စွဲရပ်လျက် ခြိမ်းခြောက်မည်ဖြစ်၏။ သို့ဖြစ်၍ ခြုံကြည့်လျှင် ခွန်တီနှင့်ခွန်ဆာတို့မှာ အတော်ပင်အကျပ်အတည်း တွေ့နေဖွယ်ရာရှိသည်။ မြန်မာအစိုးရသည် အနောက်ဘက်ကရင်နီနယ်ကို သိမ်းပိုက်ပြီးဖြစ်ဟန် တူသည်။ တနယ်လုံးသည် နိုင်ငံတော်အဝင်အပါဖြစ်ကြောင်း မနေမနား လေးနက်ခိုင်မာစွာ ဆိုကြသည်၊ ခွန်တီနှင့်ခွန်ဆာမှာ ကျွန်တော်မျိုးများဖြစ်ကြ၍ နယ်အတွင်းရှိရှိသမျှကိုလည်း ပိုင်ဆိုင်ထိုက်ကြောင်း ဆိုကြပြန်သည်။

နိုဝင်ဘာလ ၁၅ ရက်နေ့။ ။မကြာမီက မန္တလေးသို့ အလုပ်ကိစ္စနှင့်ရောက်လာသော ရန်ကုန်ရှေနေ တဦးဖြစ်သည့် မစ္စတာဒေါ် ဆန်သည် ဘုရင့်ထံမှလက်ဆောင်တော်အဖြစ် မြင်းသစ်သံတကို ရရှိဟန်

တူသည်။ ယင်းမှာ ကောင်းမွန်သောအိမ်တဆောင်၊ ဆောင်သီးများနှင့် အတော်ကျယ်ပြန့်သော ဝင်းခြံရှိသည်။ ရှင်ဘုရင်သည် မစ္စတာဒေါ်ဆန်၏ တရားဥပဒေရေးရာ ဗဟုသုတကို အသုံးချရန် ကြံရွယ်ဟန်ရှိသည်။

မှတ်တမ်းတင်စရာ နောက်ထပ်မရှိပါ။

ဂျီအေစတရိုဗာ၊ ကပ္ပိတန်
ဗြိတိသျှအရေးပိုင်

အမှတ်စဉ် ၂၇

စာအမှတ် ၅၈၆ - ၁ ပီ၊ ရန်ကုန်၊ နေ့စွဲ - ၁၈၇၄ ဒီဇင်ဘာလ ၁၉ ရက်

မှ – လူဝစ်စ်မက်အိုင်ဗာ၊ အက်စ်ကွိုင်ယာ၊ ဗြိတိသျှဘားမား မဟာဝန်ရှင်တော်မင်းကြီး၏ ယာယီ အတွင်းဝန်ကလေး

သို့ – စီ၊ ယူ၊ အိပ်ချစ်ဆင်၊ အက်စ်ကွိုင်ယာ၊ စီ၊ အက်စ်၊ အိုင်၊ အတွင်းဝန်၊ နိုင်ငံခြားရေးဌာန၊ အိန္ဒိယအစိုးရ

ဤရုံးစာအမှတ် ၅၄၀ - ၁ ပီ၊ နေ့စွဲ ၁၈၇၄ ဒီဇင်ဘာလ ၅ ရက်နေ့ကို ဆက်လက်၍ ညွှန်ကြားချက်အရ၊ မန္တလေးဗြိတိသျှအရေးပိုင်၏ နေ့စဉ်မှတ်တမ်း၊ ၁၈၇၄ နိုဝင်ဘာလ ၁၆ ရက်မှ ၃၀ ရက်နေ့ထိအဝင်အပါကို အိန္ဒိယအစိုးရသိရှိစေရန် တဆင့်ပေးပို့ပါသည်။

အမှတ်စဉ် ၂၈

မန္တလေးမြို့ ဗြိတိသျှအရေးပိုင်၏ နေ့စဉ်မှတ်တမ်း

၁၈၇၄ နိုဝင်ဘာလ ၁၆ ရက်မှသည် ၃၀ ရက်နေ့အထိ။

၁၈၇၄ နိုဝင်ဘာလ ၁၆ ရက်နေ့။ ။ရန်ကုန်ရွှေနေ မစ္စတာဒေါ်ဆန်သည် ပြင်သစ်သံတဲဝင်းအပြင် ဘုရင်မင်းမြတ်ထံမှ ငွေ ၁၀၀၀ လည်း အချီးအမြှင့်ခံရသည်။

ဝန်ထောက်ဦးခြိမ့်နှင့် စာရေးတော်ကြီးတဦးပါဝင်သည့် သံအဖွဲ့သည် ဘုရင်ခံချုပ်အား လက်ဆောင်စသည်များပေးရန်နှင့်ဗေဒေါ်ပင်၌အလှူတော်များပြုလုပ်ရန် မကြာမီ ကာလကတ္တားသို့ ထွက်ခွာမည်ဖြစ်ကြောင်း ယနေ့နိုင်ငံခြားရေးဝန်ကြီးထံမှ တရားဝင်ကြားသိရသည်။

လွန်ခဲ့သော လအနည်းငယ်ခန့်က စော်ဘွားခွန်တီအား ကရင်အကြီးအကဲ ဘောဒကဲ[၁] တိုက်ခိုက်စဉ်တွင် ဘုရင့်စစ်သည်တော် ၂၀၀ ခန့်တို့ ပါဝင်ကူညီတိုက်ခိုက်ကြကြောင်း ကြားသိရသည်။ တိုက်ပွဲမှာ အစဉ်အလာအတိုင်းဖြစ်၍ မြန်မာတို့များစွာ ထိခိုက်သည်။ ယင်းတို့မှာ အဆီး အတားမရှိစစ်ပျက်၍ အလံ၊ဆင်၊ငွေသားတို့ဆုံးရှုံးသည်။ဘုရင်သည် ခွန်တီ၏နယ်မှသစ်တောများကို လုပ်ကိုင်ရန်အတွက် လူအချို့ကို ငွေ ၁၀၀၀ ထုတ်ပေးခဲ့သည်။

နိုဝင်ဘာလ ၁၇ ရက်မှ ရက် ၂၀ အထိ။ ။အထူးအထွေမရှိပါ။

နိုဝင်ဘာလ ၂၁ ရက်နေ့။ ။မစ္စတာအေးလီယပ်စ်သည် ညနေခင်းမြင်းစီးထွက်ရာ လမ်းရိုး၌ ရခိုင် ဘုရား (မဟာမုနိဘုရားကြီး) မှ ပြန်လာသည့် မိဖုရားတပါးနှင့် တပ်အခြံအရံများကို ဆုံမိသည်။ မိဖုရား၏ ရှေ့တော်လိုက်တို့က ယင်းကို မြင်းပေါ်မှဆင်းသက်စေလိုသည်တွင် ယင်းက ငြင်းဆန်ရာ၌ တဦးကမြင်းကို ကြိမ်ဖြင့်ခတ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် တောင်းဆိုပါမည်။

နိုဝင်ဘာလ ၂၂ ရက်နေ့။ ။ဘုရင်မင်းမြတ်သည် မစ္စတာဒေါ်ဆန်အား အနောက်ဘက်ကရင်နီ နယ်နှင့် အထွေထွေကိစ္စများတွင် အသုံးပြုလိုဟန်ရှိသည်၊ နေ့စဉ်စျေးဖိုးငွေ ၂၅ ချီးမြှင့်သည်။ စေခိုင်းသည်များကို အပြေအလည်ဆောင်ရွက်ပါက ယင်းမှာ ကြီးမြင့်၍ကြွယ်ဝချမ်းသာသော လူတယောက်ဖြစ်လာဖွယ်ရာရှိသည်။

ဘုရင်မင်းမြတ်သည် ဖြစ်ပျက်သည်များနှင့် စပ်လျဉ်း၍ ကျွန်ုပ်ထံမှလက်မခံလိုသည့် မနှစ် မြို့ဖွယ်ရာများ နောက်ထပ်မကြားလိုတော့ပြီဟု ဆုံးဖြတ်ထားဟန်ရှိသည်၊ အတွေ့ခံတော်မမူချေ၊ အပြေအလည် စဉ်းစားနိုင်ရန်နှင့် ဆင်ခြင်တုံတရား ပြန်လည်ရရှိရန်အတွက် ရှင်ဘုရင်သည် အချိန် အနည်းငယ်လိုလိမ့်ဦးမည်မှာ ယုံမှားသံသယရှိရန်မလိုပေ။

နိုဝင်ဘာလ ၂၃ ရက်နေ့။ ။ကျွန်ုပ်တွင် ရာဇဝတ်စီရင်ရေး အာဏာရှိမရှိ ရန်ကုန်မှ ရှေ့နေမစ္စတာ ဒေါ်ဆန်က သိလိုကြောင်း၊ မရှိက မိမိသည် မြန်မာအစိုးရကိုလည်းကောင်း၊ ဗြိတိသျှအာဏာပိုင် များအားလည်းကောင်း ယင်းအာဏာကို ဗြိတိသျှအရေးပိုင်အား အပ်နှင်းရန် တာဝန်တရပ် အနေဖြင့် အစွမ်းကုန်ကြိုးစားပေးမည်ဖြစ်ကြောင်း စာပေးပို့သည်။ မစ္စတာဒေါ်ဆန်မှာ ယခုအခါ ဘုန်းတန်ခိုးကြီးဆဲ ဖြစ်ပါသည်။

နိုဝင်ဘာလ ၂၄ ရက်နေ့။ ။အာချပ်အဖွဲ့တဖွဲ့သည် လည်းကောင်း၊ တုရကီဝန်ကြီး တဦးထံမှ စာများသည်လည်းကောင်း မန္တလေးသို့ ရောက်ရှိလာပါသည်။ ယခုလာမည့် ဆောင်းရာသီတွင် ဝန်ကြီးဘဦးကိုယ်တိုင် မန္တလေးသို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း ပြောဆိုနေကြသည်။ ရှင်ဘုရင်သည် များစွာကျေနပ်နေဟန်ရှိသည်၊ ဝန်ကြီးလာဖြစ်ပါက လျောက်ပတ်စွာ ကြိုဆိုညှဲ့ခံရန် အစီအစဉ်များ ပြုလုပ်မည် ဖြစ်သည်။

ကင်းမင်းကြီး ပြင်သစ်သို့နောက်ဆုံးအကြိမ် သွားရောက်စဉ်က အတူပါသော ပြင်သစ်စကား ကို ကျွမ်းကျင်စွာပြောဆိုနိုင်သည့် စာရေးကြီး[၂]အောင်သူကို အခြားမြန်မာတဦးနှင့် ပါရီသို့စေလွှတ်

၁။ Baudekai

၂။ Sayegyee

လိုက်ပြန်သည်။ စာချုပ်ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ စီစဉ်ရန်အတွက် ဖြစ်ဟန်တူသည်။ သည်ကိစ္စ အလုံးစုံကို တိတ်တိတ်ကလေး လျှို့ဝှက်စွာဆောင်ရွက်ကြသည်။ ပြင်သစ်နှင့် စာချုပ်တမျိုးမျိုး ချုပ်ဆိုမပြီးမချင်း ငြိမ်းချမ်းစွာနေရန် ဘုရင်ကရည်ရွယ်ပုံမရပါ။

နိုဝင်ဘာလ ၂၅ ရက်နေ့။ ။တူရကီစူလ်တန်သည် မကြာမြင့်မီကမှ မြန်မာသို့မဟုတ် အဝကဲ့သို့သော နိုင်ငံတနိုင်ငံရှိကြောင်း ကြားသိရသဖြင့် မိတ်ဖြစ် ဆွေဖြစ် ဆက်ဆံရန် ကြံရွယ်ဟန်ရှိသည်။

နိုဝင်ဘာလ ၂၆ ရက်နေ့။ ။အထူးအထွေမရှိပါ။

နိုဝင်ဘာလ ၂၇ ရက်နေ့။ ။အထူးအထွေမရှိပါ။

နိုဝင်ဘာလ ၂၈ ရက်နေ့။ ။ရုရှားဘုရင်အတွက် ပေးပို့လိုက်သည့် လက်ဆောင်တော်များကို ပါရှား ရှားဘုရင်က တဟီရန်မှတဆင့် ပေးပို့လိုက်ဟန်ရှိသည်။

ကာလကတ္တားသို့ သွားမည့်သံအဖွဲ့သည် နောက်သုံးလေးရက်အတွင်း မန္တလေးမှထွက်ခွာမည် ဖြစ်သည်။ ယင်းအဖွဲ့မှ သံအရာရှိတဦးသည် အီတလီသို့ဆက်လက်သွားရောက်၍ မြန်မာအစိုးရ၏ ကိုယ်စားလှယ်အဖြစ် နေထိုင်ဖွယ်ရာလည်းရှိသည်။

မစ္စတာဒေါ်ဆန်ပျောက်နေပြီ၊ မန္တလေးမှ ရုတ်တရက်ထွက်ခွာသွားဟန်ရှိသည်။ ယမန်နေ့က ဘုရင်မင်းမြတ်သည် ယင်းအား အထူးအေးအေးစက်စက် ဆက်ဆံသည်။ သို့ဖြစ်၍ တိုင်းရေး ပြည်ရာ ဆောင်ရွက်မှုအစီအစဉ်တရပ်လုံးမှာ ကမောက်ကမဖြစ်သွားသည်။

နိုဝင်ဘာလ ၂၉ ရက်နေ့။ ။ထူးထူးခြားခြားမရှိပါ။

နိုဝင်ဘာလ ၃၀ ရက်နေ့။ ။လက်ထောက် နိုင်ငံရေးကိုယ်စားလှယ် မစ္စတာအေလီယပ်စ်သည် တရုတ်ပြည်သွားမည့် ဗြိတိသျှအဖွဲ့အတွက် သယ်ယူပို့ဆောင်ရေး အစီအစဉ်များ ပြုလုပ်ရန် ယနေ့ မန္တလေးမှ ဗန်းမော်သို့ ထွက်ခွာသွားပြီ။

ယနေ့ ဝန်ကြီးများနှင့်ချိန်းပြီး တွေ့မြဲအချိန်တွင် သွားရောက်တွေ့ဆုံသည်။ လောင်းရှည်၊ ရေနံချောင်း၊ ခန်းပတ်နှင့် ကင်းမင်းကြီးတို့မှာ နေရာအစဉ်အတိုင်း ရှိနေကြ၏။ ပုပ္ပားဝန်ထောက် နှင့် ဝန်ထောက်သစ် ဦးခြိမ့်တို့လည်း ရှိနေကြသည်။ ကြက်ပေါင်စေးကို ကုန်တော်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ အတန်ကြာပြောဆိုကြပြီး ဗြိတိသျှကျွန်တော်မျိုးတို့၏ ကြက်ပေါင်စေးများကို သိမ်းယူ ခံရခြင်းကြောင့် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးများက တရားသဖြင့် ဖြစ်စေရမည်၊ အဖိုးငွေပြန်ပေးမည်ဟု အာမခံကြသည်၊ ထိုနောက် အခွင့်ကောင်းယူကာ ကျွန်ုပ်ကမကြာမီကမှ ဖြစ်ပေါ်လာသည့်ဗန်းမော်အရာရှိတို့၏အနှောင့်အယှက် အဟန့်အတားလုပ်လိုသည့်အပြုအမူများကို ရည်ညွှန်းလျက် ဗန်းမော်မှတဆင့် တရုတ်ပြည်သို့ မကြာမီသွားမည့် ဗြိတိသျှအဖွဲ့အကြောင်းကို အကျယ်တဝင့်ပြောဆိုပြီး ထိုအဖွဲ့အား ဗန်းမော်အရာရှိတို့၏ စက်ပုန်းခုတ်မှု၊ နှောင့်ယှက်မှုတို့မှ ကင်းလွတ်စေရန် မင်းကြီးများ အစွမ်းကုန်ဆောင်ရွက်သင့်ကြောင်း၊ ဗန်းမော်အရာရှိများက လိုအပ်သည့်အကူအညီ အလုံးစုံပေးလိမ့်မည်ကို ယုံကြည်ကြောင်း ပြောကြားပါသည်။ ဝန်ကြီးများ

ကလည်း အဖွဲ့၏ခရီး ဖြူးဖြောင့်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မကျေမနပ်ဖြစ်ရန် အကြောင်း မရှိစေရဟု ကတိပေးကြပါသည်။ ကာလကတ္တားသွား သံအဖွဲ့မှာ နက်ဖြန်ခါထွက်ခွာမည်ဖြစ်သည်၊ ရန်ကုန်အရောက် လမ်းခရီး၌ ၇ ရက်ခန့်ကြာမည်ဟု ဝန်ထောက်က ခန့်မှန်းသည်။

လွန်ခဲ့သော တရက်နှစ်ရက်ခန့်က ဝန်ကြီးများသည် အမရပူရအလွန် ခံမြို့နေရာကို သွားရောက်စစ်ဆေးကြသည်။ ရေလွှမ်းခြင်းခံရသည့် မြေနေရာဖြစ်သဖြင့် လုပ်ငန်းကို စွန့်လွှတ်ဖွယ်ရာ ရှိသည်။

ဂျီအေစတရိုဗာ၊ ကပ္ပိတန်၊
ဗြိတိသျှအရေးပိုင်။

အမှတ်စဉ် ၂၉

စာအမှတ် ၇၊ ဖွတ်ဝီလျံ၊ နေ့စွဲ ၁၈၇၅ ဇန်နဝါရီလ ၈ ရက်နေ့

မှ – အိန္ဒိယအစိုးရ

သို့ – အိန္ဒိယပြည်ဆိုင်ရာအတွင်းဝန်ကြီး

ကျွန်ုပ်တို့၏စာအမှတ် ၂၁၆၊ နေ့စွဲ လွန်ခဲ့သော ဒီဇင်ဘာလ ၄ ရက်နေ့ကို ဆက်လက်၍ မန္တလေးမြို့ ဗြိတိသျှအရေးပိုင်၏ နေ့စဉ်မှတ်တမ်း၊ ၁၈၇၄၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်အထိကို အနားကွက်လပ်တွင် ညွှန်းထားသည့် ဗြိတိသျှဘားမား မဟာဝန်ရှင်တော်မင်းကြီး၏ တင်ပို့ အကြောင်းကြားစာ မိတ္တူများကို ဘုရင်မအစိုးရ သိရှိစေရန် တဆင့်ပေးပို့ပါသည်။

နေ့စွဲ	၁၈၇၄	ဒီဇင်ဘာလ	၅ ရက်နေ့	စာအမှတ်	၅၄၀ – ၁ ပီ
၎င်း	၎င်း	၎င်း	၁၉ ရက်နေ့	၎င်း	၅၈၆ – ၁ ပီ

အမှတ်စဉ် ၃၀

စာအမှတ် ၅၇၄ – ၂ ပီ၊ ရန်ကုန်၊ နေ့စွဲ ၁၈၇၄ ဒီဇင်ဘာလ ၁၂ ရက်နေ့

မှ – လူဝစ်စ်မက်အိုင်ဗာ၊ အက်စ်ကွိုင်ယာ၊ ဗြိတိသျှဘားမား မဟာဝန်ရှင်တော်မင်းကြီး၏ ယာယီအတွင်းဝန်ကလေး

ထံ – စီ၊ ယူ၊ အိပ်ချစ်ဆင်၊ အက်စ်ကွိုင်ယာ၊ စီ၊ အက်စ်၊ အိုင်၊ အတွင်းဝန်၊ နိုင်ငံခြားရေးဌာန၊ အိန္ဒိယအစိုးရ

ဤရိုးစာအမှတ် ၄၉၁-၂ ပါ၊ နေ့စွဲ လွန်ခဲ့သည့်လ ၇ ရက်နေ့ကို ဆက်လက်၍ ညွှန်ကြားချက်အရ၊ ဗန်းမော်မြို့ ယာယီနိုင်ငံရေးကိုယ်စားလှယ်၏ နေ့စဉ်မှတ်တမ်း ၁၈၇၄ အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိကို အိန္ဒိယအစိုးရသိရှိစေရန် တဆင့်ပေးပို့ပါသည်။

အမှတ်စဉ် ၃၁

မှ – ဗြိတိသျှအရေးပိုင်၊ မန္တလေး

သို့ – ဗြိတိသျှဘားမား မဟာဝန်ရှင်တော်မင်းကြီး၏ ယာယီအတွင်းဝန်

စာအမှတ် ၉၈၊ နေ့စွဲ ၁၈၇၄ နိုဝင်ဘာလ ၂၇ ရက်နေ့

ဗန်းမော်မြို့ ယာယီနိုင်ငံရေးကိုယ်စားလှယ်၏ နေ့စဉ်မှတ်တမ်း ၁၈၇၄ အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိကို တဆင့်ပေးပို့ပါသည်။

၂။ အောက်တိုဘာလ ၁၂ ရက်နေ့ နေ့စွဲဖြင့် ရေးသွင်းချက်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ နိုင်ငံရေးကိုယ်စားလှယ်သည် ပေါ်ပေါက်သည့် အခွင့်အရေးကို ကောင်းစွာအသုံးချလျက် ယူနန်ဘုရင်ခံအား ယူနန်ပြည်နယ်သို့လာရန် ရည်မှန်းထားသည့် ဗြိတိသျှအဖွဲ့အကြောင်း သိရှိစေခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလ ၂၇ ရက်နေ့စွဲဖြင့် ရေးသွင်းချက်နှင့်စပ်လျဉ်း၍မူ ကျွန်ုပ်သည် ကြက်ပေါင်စေးကို ကုန်တော်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မြန်မာအစိုးရနှင့် ဆက်သွယ်လျက်ရှိသည်။ ကုန်တော်ပြုလုပ်ခြင်းကြောင့် နစ်နာသူများအတွက် လျော်ကြေးများတောင်း၍ ရလိမ့်မည်ဟု မျှော်လင့်ပါသည်။ ၃၀ ရက်နေ့စွဲဖြင့် ရေးသွင်းချက်တွင် လားဝန်တင်ငါးထောင်ပါသည့် ကုန်သည်ဂိုဏ်းကြီးသည် တာပိန်မြစ်ပေါ်ရှိ စစ်ကောသို့ ရောက်မည်ဖြစ်ကြောင်း၊ ယင်းအနက် လားတထောင်မှာ ရောက်ပြီဖြစ်ကြောင်း ရေးသားထားခြင်းကိုတွေ့နိုင်ပါသည်။ ဗန်းမော်မှ တရုတ်ကုန်သည်များအား ယင်းတို့၏ကုန်များကို ဘုရင့်သင်္ဘောတော်များနှင့်သာ တင်ပို့ပါမည်ဟူသော သဘောတူစာချုပ်ကို အဓမ္မအကျပ်ချုပ်ဆိုစေခြင်း၏ ရည်ရွယ်ချက်မှာ မန္တလေးမှအရာရှိများက ဘုရင်မင်းမြတ်အလိုရှိသော ကုန်စည်များ ရရှိစေရန်နှင့် ဗြိတိသျှကုန်သွယ်ရေးကို တတ်နိုင်သမျှ အားမပေးရန်အတွက်ဖြစ်ကောင်းသည်။

ဗန်းမော်အရာရှိတို့သည် ယခုအခါ အသင့်အတင့်ဆက်ဆံလိုသည့်ဆန္ဒကို ပြသဟန်မတူချေ။ ပြသနေကြသည့် ဟန့်တားနှောင့်ယှက်လိုမှုများကို မြန်မာအစိုးရက တားမြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဗန်းမော်မြို့ နိုင်ငံရေးကိုယ်စားလှယ်၏ နေ့စဉ်မှတ်တမ်း

၁၈၇၄ အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ။

၁၈၇၄ ခု အောက်တိုဘာလ ၁ ရက်နေ့။ ။(ဗန်းမော်) ဝန်သည် တာပိန်ချောင်းပေါ်ရှိ စက်ကောမှပြန်ရောက်ပြီ၊ စစ်ကဲနှစ်ဦးမှအပ အရာရှိအားလုံးသည် ဗန်းမော်သို့ ပြန်ရောက်ကြပြီဖြစ်သည်။

(ဗန်းမော်)ဝန်သည် ကချင်စော်ဘွားလေးဆယ် ငါးဆယ်ခန့်ကို မိမိအား စက်ကော၌ လာရောက်တွေ့ဆုံရန် ဆင့်ဆိုခဲ့သော်လည်း ခြောက်ယောက်မျှသာ ဆင့်ဆိုရာကို နာခံခဲ့သည်ဟု ပြောဆိုကြသည်၊ ဤခြောက်ဦးဟိုအား တိုက်တွန်းပြီး ဘုရင့်သစ္စာတော်ကိုခံစေ၍ ထိုသူတို့ကိုနိုင်ငံရေး ကိုယ်စားလှယ်နှင့် လည်းကောင်း၊ မည်သည့်နိုင်ငံခြားသားနှင့်မျှ လည်းကောင်း တွေ့ဆုံခြင်း ဆက်သွယ်ခြင်း မပြုလုပ်ရန်၊ ယင်းသို့ပြုမူပါက သစ္စာချွတ်ရာကျ၍ နတ်တို့ကသစ္စာမတည်သူတို့ကို ပေးမြဲကြောက်ဖွယ်လိလိ အပြစ်ဒဏ်များကို ခံကြရမည်ဖြစ်သည်ဟု မြန်မာအရာရှိများက ပြောဆိုကြ ကြောင်း ကြားသိရပါသည်။ ကချင်တို့သည် အခြားနတ်ကိုးကွယ်ယုံကြည်သည့် လူမျိုးနွယ်များ ကဲ့သို့ပင် အစွဲအလမ်းကြီးကြသူများဖြစ်ရကား အကင်းပါးသည့် မြန်မာတို့ပြောဆိုသည်များကို အကြွင်းမဲ့ ယုံကြည်ကြမည်မှာ မလွဲပေ၊ နိုင်ငံရေးကိုယ်စားလှယ်အား လာရောက်တွေ့ဆုံလျှင် မိမိတို့အား နတ်တို့က အပြစ်ပေးမည်ကို ကြောက်ရွံ့ကြကြောင်း ကချင်စကားပြန် မောင်မိုးကို ကချင်အများစုက ပြောကြားကြသည်။ ဤမျှပင်လိမ်လည်၍ ရနိုင်သောသူများဖြစ်ကြ၏။

အောက်တိုဘာလ ၂ ရက်နေ့။ ။(ဗန်းမော်)ဝန်နှင့် အခြားအရာရှိများက မိမိတို့ ဤသို့ထူးခြားစွာ သွားလာလှုပ်ရှားနေခြင်းမှာ ကချင်အကြီးအကဲတို့၏ရင်းနှီးမှုကို ရယူလို၍ဖြစ်သည့်ပြင် ရက်သတ္တပတ် အနည်းငယ်အတွင်း ယူနန်မှတဆင့် ပီကင်းသို့သွားမည့် မြန်မာသံအဖွဲ့ကို ကူညီစေလိုသောကြောင့် ဖြစ်သည်ဟု ဂရုတစိုက် သတင်းလွှင့်နေကြ၏။ မြို့နေသူအချို့ကမူ အာဏာပိုင်တို့သည် ကချင်တို့ကို အင်္ဂလိပ်အဖွဲ့ တရုတ်ပြည်သို့ ဤလမ်းကြောင်းဖြင့် သွားဖြစ်ပါက အဆီးအတားအမျိုးမျိုးပြုလုပ်ရန် တောင်းခံကြခြင်းသာ ဖြစ်သည်ဟု တိတ်တိတ်တိုးတိုး ထင်ကြေးပေးနေကြ၏။ ဤကောလာ ဟလသတင်းကို ကျွန်ုပ်တို့က လက်ခံယုံကြည်ခြင်းမရှိပါ။ သို့သော်အာဏာပိုင်တို့၏ သဘောထားနှင့် စပ်လျဉ်း၍ လူအများက မည်သို့ထင်နေကြသည်ကို ပြသလိုသဖြင့် ဖော်ပြခြင်းမျှသာဖြစ်သည်။

အောက်တိုဘာလ ၃ ရက်နေ့။ ။ရန်ကုန်သင်္ဘော ယနေ့ဆိုက်ရောက်၍ ဗန်းမော်သို့ အပျော်ခရီး ထွက်လာသူ အများအပြားပါသည်။ ယင်းတို့တွင် ဂျင်နရယ်လ်ဟာမင်လ်တန်၊ ကာနယ်လ်ဂျက်ဗ်နှင့် ကောဇ်၊ မေဂျာရစ်ချပ်ဒ်ဆင်၊ လက်ဖ်တနင်ဂါဖစ်၊ ဆာဂျင် (ခွဲစိတ်ကုသဆရာဝန်) ဘတ္တလာ၊ မက်စ်ဆယ်စ်မဲန်၊ ဘတ်က်ဟိုလ်ဇ်နှင့် ကလှုဘ်မဲန်နှင့် အမျိုးသမီးနှစ်ဦး သုံးဦးပါသည်။

သင်္ဘောတွင် ခရီးတွင်နိုင်သမျှတွင်စေရန် တွဲသင်္ဘောမပါခဲ့ချေ။ သို့ဖြစ်၍ ကုန်စည် အနည်းငယ်သာပါသည်။ အဓိကကုန်မှာ ကွမ်းသီးဖြစ်၍ ယင်းအနက် အိတ် ၂၅၀ တနည်းလည်း ပိဿာ ၁၂၅၀၀ မှာ သွင်းကုန်ဖြစ်သည်။

ခန္တီးရှမ်းတို့တွင် တန်ခိုးအကြီးဆုံး ခေါင်းဆောင် ၅ ဦးအနက် ၄ ဦးတို့သည် မိမိနယ်တွင်းသို့ အာသံဘက်မှရောက်ရှိလာသည့် အင်္ဂလိပ်အရာရှိတစုနှင့် သင့်တင့်စွာ ဆက်ဆံကြသည်ဟူသော ထူးဆန်းသည့်သတင်းတရပ် ဗန်းမော်သို့ ရောက်လာသည်။ ရည်ညွှန်းသည့် အရာရှိများမှာ အာသံ အရှေ့မြောက်နယ်ခြားတွင် မြေတိုင်းလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့တဖွဲ့ ဖြစ်မည်ထင်သည်။ သို့သော် သင့်တင့်စွာ မဆက်ဆံလိုသည့် ခေါင်းဆောင်ကို ကျန်ခေါင်းဆောင်များက နှင်ထုတ်လိုက် သဖြင့် ယင်းမှာ မြန်မာနယ်ဝိုင်းမယ်(?)အနီးတွင် ခိုလှုံနေရကြောင်းလည်း ပြောဆိုကြ၏။

ဆီချွန်ဘုရင်ခံက တရုတ်ကေရာဇ်ကို ပုန်ကန်သည်ဟူသော ကောလာဟလ သတင်းတရပ်မှာ ဝိုင်းမော်(လေးမြို့)မှ ဗန်းမော်သို့ရောက်လာသည်။ ဤနေရာတွင် (ဗန်းမော်)ရှိသည့် တရုတ်

မျက်နှာကြီးများက ယင်းသတင်းကို လုံးဝမယုံကြည်ကြချေ။ အရာရှိငယ်တဦး သို့မဟုတ် ရှမ်းခေါင်းဆောင်တဦးက ဆီချွန်ဘုရင်ခံအား ပုန်ကန်သည်ကို ချဲ့ထွင်လုပ်ကြံသည့်သတင်းမျှသာ ဖြစ်ဖွယ်ရှိသည်ဟု မြင်ကြသည်။

အောက်တိုဘာလ ၄ ရက်။ ။ဤမျှ များပြားသော ဥရောပသားများ ရောက်လာခြင်း၊ အထူးသဖြင့် ဂျင်နရယ်လ်ဟမင်လ်တန်နှင့် အခြား (တပ်)အရာရှိများရောက်လာခြင်းမှာ ဗန်းမော်၌ ရုတ်ရုတ်သဲသဲဖြစ်စေသည့်ပြင် မြန်မာအရာရှိများကိုလည်း အထိတ်တလန့်ဖြစ်စေခဲ့သည်။ သူတို့ရောက်လာခြင်းကြောင့် တုန်လှုပ်ချောက်ချားကြသည်များကို ကြားလျှင်ကြားခြင်း ဗန်းမော်ဝန်သို့ လူစေလွှတ်၍ အပျော်ခရီးသည်များ ရောက်ကြမည်ကို ကြိုတင်သိနှင့်ပြီးဖြစ်ကြောင်း၊ ယင်းတို့မှာ ဗန်းမော်မြို့ကို ကြည့်ရှုရန်နှင့် မြစ်ညာဆန်ခရီး၏ သာယာမှုကိုခံစားရန်အတွက် လာခြင်းမျှသာ ဖြစ်ကြောင်း ပြောကြားစေသည်။ (ဗန်းမော်) ဝန်က စေလူကို ခရီးသည်တို့နှင့် စပ်လျဉ်း၍ ဝန်ကြီးများထံမှ မည်သို့မျှ မကြားခဲ့ရကြောင်း၊ ယင်းတို့ လာခြင်းမှာ ကောင်းသောလာခြင်း မဟုတ်ဟု စိတ်ချယုံကြည်ကြောင်း ပြောကြားလိုက်၏။

ဥရောပသား ဆယ့်ငါးယောက် အယောက်နှစ်ဆယ်ခန့် ရောက်လာခြင်းကြောင့် လူဦးရေ ၂၅၀၀ ရှိသစ်တပ်ကာရံထားသည့်မြို့၌ ဤမျှထိတ်လန့်တကြားဖြစ်ရသည်ဟု မှတ်တမ်းတင်ရသည်မှာ ယထာဘူတမကျပေ။ သဘော်သဆိပ်နှင့် ကိုယ်စားလှယ်အိမ်ဝင်းစပ်ကြား မြစ်ကမ်းတလျှောက်ထားရှိသည့် အစောင့်အကြပ်များကို အင်အားထပ်ဖြည့်၍ အနီးအစပ် ကျေးရွာများမှ သေနတ်မျိုးစုံကိုင်စွဲသောလူ ၂၅၀ ခန့်ကိုလည်း မြို့၏လုံခြုံရေးအတွက် ခေါ်ချသည်။

အောက်တိုဘာလ ၅ ရက်နေ့။ ။ယနေ့ ရန်ကုန်ထွက်ခွာသွား၏။ ယင်း၌ ဝန်စည်အနည်းငယ်မျှသာပါသည်။ သင်္ဘောပြန်သွားသည့်အတွက်(မြန်မာ)အရာရှိတို့မှာ များစွာ စိတ်သက်သာသွားကြသည်။ မြတောင်မြို့သားတို့သည် မြို့သူကြီးကို အာဏာဖီဆန်ကြကြောင်း၊ ယင်း၏ဆင့်ဆိုချက်များမှာ မကြာမြင့်မီကစ၍ ကြီးလေးလာသောကြောင့် မြို့သားတို့မှာ မခံမရပ်နိုင်ဖြစ်ကာ ထကြွကြရခြင်းဖြစ်ကြောင်း သတင်းစကား သင်္ဘောနှင့် ပါလာသည်ကို ဖော်ပြရန်ကြွင်းကျန်ခဲ့သည်။

အောက်တိုဘာလ ၆ ရက်နေ့။ ။ညနေစောင်းတွင် ဂိုလတ်အမည်ရှိ အိန္ဒိယတိုင်းရင်းသားတဦးသည် ခေါင်းတွင် ဖြင်းထန်သော ဒဏ်ရာများနှင့် ရောက်လာသည်။ ဗန်းမော် တောင်ဘက် ၇ မိုင်ခန့်ကွာဝေးသည့် စာဝတီးမှ ရွာအုပ်က သယ်ဆောင်လာခြင်းဖြစ်သည်။ ဂိုလတ်က သူသည် ရှမ်းပြည်သို့ သွားရောက်၍ နမ်းခန်း (?) အနီး၌ ဥရောပလုပ် ကုန်အသေးအဖွဲ့များ ဖြစ်သည့် ပတီးစေ့၊ ရောင်စုံလက်ကိုင်ပုဝါ၊ ရှာပန်းထည် စသည်များကို ရောင်းချကြောင်း၊ ကုန်စည်အားလုံးထုခွဲရောင်းချပြီး ရရှိသည့် ဆိုင်စီငွေသား ကျပ် ၅၀၊ ဘိန်း ၉ ပိဿာများနှင့် ဗန်းမော်သို့ အပြန်လမ်းခရီး၌ စာဝတီးနှင့် တမိုင်ခွဲအကွာတွင် ဓားပြများက တိုက်ခိုက်ပြီး ပါသမျှ ပစ္စည်းများသာမက လက်တွင်ဝတ်ထားသည့် လက်စွပ်များပါမကျန် ဆောင်ယူသွားကြောင်း၊ နမ်းခန်းမှ အတူပါလာသည့် ရှမ်းကူလီကိုလည်း သတ်ဖြတ်သွားကြောင်း ဖြစ်သည်ဟု ပြောကြားသည်။ ဂိုလတ်မှာ စာဝတီးအရောက် ခရီးဆက်နိုင်ခဲ့ဟန်ရှိသည်။ ယင်းသည်မှ ရွာအုပ်က ချက်ချင်း ခေါ်ဆောင်လာခြင်းဖြစ်သည်။ တိုင်းရင်းဆရာဝန်က ဒဏ်ရာတခုမှာ စိုးရိမ်ဖွယ် ရှိကြောင်း၊ သို့သော် ကျန်သည့်

ဒဏ်ရာများမှာအပေါ် ယံရှရာများသာဖြစ်၍မကြာမီပျောက်ကင်းမည်ဖြစ်ကြောင်းပြောကြားသည်။ ဂိုလတ်သည် အခင်းဖြစ်ပွားပုံကို ရှင်းလင်းစွာ မပြောမဆိုနိုင်သေးချေ။ အချက်အလက်များမှာ ရှုပ်ထွေး၍ တခုနှင့်တခု ဆန့်ကျင်နေကြသည်။ သို့ဖြစ်၍ ကျွန်ုပ်က သူ့ အကြောင်းကို အကြမ်းဖျင်းမျှသာ ဖော်ပြခြင်းဖြစ်၏။ အသေးစိတ် အချက်အလက်များ မှတ်တမ်းတင်ခြင်းကို သူ့အင်အား တောင့်တင်းပြီး အမေးအစမ်းခံနိုင်သည့်အခါထိ ဆိုင်းထားပါသည်။

အောက်တိုဘာလ ၇ ရက်နေ့။ ။ဝါရှောင်စော်ဘွားနှင့် တိုက်ခိုက်ရာတွင် ဆထုံစော်ဘွားကို ကူညီနေကြသဲဖြစ်သော တဆကွန်၏သားနှစ်ယောက်တို့ထံမှ စာများနှင့် ကမ်ဘတူသည် ဝိုင်းမော် (လေးမြို့) မှ ရောက်လာသည်။

မန္တလေးမှ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ထွက်ခွာခဲ့သော ဓာတ်လှေသည် ဆန်တက်ရာ၌ ၁၇ ရက်ကြာခဲ့ပြီး ယနေ့ရောက်ရှိသည်။

အောက်တိုဘာလ ၈ ရက်နေ့။ ။ကမ်ဘတူ ဆောင်ယူလာသော သတင်းများမှာ ကျွန်ုပ်တို့ ကြားပြီးသည်များကို အတည်ပြုရုံသာဖြစ်သည်။တဆကွန်သေလေပြီမှာ သေချာသလောက်ဖြစ်၏။ သို့သော် ဆထုံ၌ တဆကွန် တောင်ဘက်သို့ ထွက်ပြေးလွတ်မြောက်သည်ဟူသော ကောလာဟလ ဖြစ်ပွားနေကြောင်း ကမ်ဘတူ ပြောဆို၏။

အောက်တိုဘာလ ၉ ရက်နေ့။ ။(ဗန်းမော်)ဝန်ကို သွားရောက် တွေ့ဆုံသည်။ သူသည် ဂရုပြု၍ ယဉ်ကျေးဖွယ်ရာစွာ ဆက်ဆံသည်။သို့သော် သူ့အမှုအရာမှာ အေးစက်စက်နှင့် ခပ်တန်းတန်း ဖြစ်သည်။ ဗြိတိသျှ ကျွန်တော်မျိုးတဦးဖြစ်သည့် ဂိုလတ် ဓားပြတိုက်ခံရသည်ကို ကြားသိပြီး ပြီလော၊ ဓားပြများကို ခြေရာခံရန် မည်သို့ စီစဉ်ပြီးပြီနည်းဟု ကျွန်ုပ်က မေးမြန်း ပါသည်။ (ဗန်းမော်)ဝန်က ယင်းအား ဓားပြမှုဖြစ်ပွားသည်ကို အစီရင်ခံပြီးဖြစ်ကြောင်း၊ သို့သော် အမှုမှာ ကောင်းတုံမြို့သူကြီး စီရင်နက်တွင်ဖြစ်ပွားသည့်အမှုဖြစ်သဖြင့် မိမိမှာ ယင်းကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ ဆက်သက်၍မဆောင်ရွက် နိုင်တော့ကြောင်း ဖြေကြားပါသည်။အမှုဖြစ်ပွားသည့် နေရာကို အသေအချာ မသိသဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဂိုလတ်ပိုမိုစွမ်းသန်လာသည်အထိ မည်သို့မှ ဆက်လက် မပြောဆိုပဲ စောင့်ဆိုင်းနေသင့်သည် ထင်ပါသည်။

(ဗန်းမော်) ဝန်က ဆက်လက်၍ မြန်မာသံအဖွဲ့သည် ဤနေရာ (ဗန်းမော်) သို့ သုံးပတ်ခန့် တွင်ရောက်သိမ့်မည် မျှော်လင့်ရကြောင်း ပြောဆိုသည်။ ထို့ပြင် ဝန်ကြီးများထံမှ ကြားစာကိုလည်း ဖတ်ပြ၏။ ယင်းတွင် ဘုရင်သည် ဆယ်နှစ်တကြိမ်စေလွှတ်မြဲ သံအဖွဲ့ကို ပြန်လည် စေလွှတ် လိုကြောင်း၊ အနောက်ယူနန်နယ်တွင် လွန်ခဲ့သော နှစ်ဆယ့်လေးနှစ်ကြာမျှ တိုက်ခိုက် နေကြသဖြင့် ယင်းအစဉ်အလာကို ရပ်ဆိုင်းထားခဲ့ ရကြောင်း၊ ယခုမူ တရုတ် ဧကရာဇ်နိုင်ငံတော် အဝင်အပါ ထိုဒေသ၌ ငြိမ်ဝပ်ပိပြားပြီဖြစ်သဖြင့် ဘုရင်မင်းမြတ်သည် ပီကင်းသို့ လက်ဆောင်တော် များနှင့် သံအဖွဲ့စေလွှတ်ရန် အစောဆုံးသော အခါအခွင့်ကို ယူခြင်းဖြစ်ကြောင်းများပါသည်။

ထို့နောက် ရန်ကုန်လာစဉ်က ခရီးသည်တစုပါလာသည့်အတွက် အထိတ်တလန့် ချောက်ချောက်ချားချား ဖြစ်ခဲ့ကြသည့် အကြောင်းသို့ စကားရောက်သွားသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ (ဗန်းမော်)ဝန်မှာ ခေါင်းမာလှ၏။ ဝန်ကြီးများထံမှ ညွှန်ကြားချက်ကင်းမဲ့သည့်အတွက် မိမိ

ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ပြုလုပ်သည်မှာ လျော်ကန်ကြောင်း ဆိုသည်။ ထို့ပြင် ထိုမျှ များပြားသော 'စစ်တိုက်ဗိုလ်များ' ခရီးသည်စုတွင်ပါဝင်ခြင်းသည် မိမိအား များစွာ ထိတ်လန့်စေခဲ့သည် ဟူ၍လည်း ဝန်ခံ၏။

လေးမြို့မှ ကမ်ဘတူနှင့်အတူပါလာသည့် စော်ဘွားငယ်နှစ်ဦးသည် မိတ်ဆွေဖြစ် လာရောက်လည်ပတ်ကြသည်။ နိုင်ငံရေးကိုယ်စားလှယ်အား လာရောက်တွေ့ဆုံလိုသည့် စော်ဘွား အများအပြားရှိကြောင်း၊ သို့သော် မြန်မာအာဏာပိုင်များက ယင်းတို့ကို အမျိုးမျိုး ပိတ်ပင်တားဆီးကြောင်း၊ (ဗန်းမော်) ဝန်ထံကိုသာ သွား၍ ဗြိတိသျှ သံတဲအနီးသို့ မသွားပါဟူသော ခံဝန်ချက် မပေးပါက ယင်းတို့အား မည်သူမျှ လှေငှားခွင့်မရှိကြောင်းများလည်း ပြောကြား ကြသည်။

အောက်တိုဘာလ ၁၂ ရက်နေ့။ ။မန္တလေးမှ ဩဂုတ်လကတည်းက ရောက်ရှိ လာ၍ ဤတွင် (ဗန်းမော်၌) ယူနန်ဘုရင်ခံထံသို့ ဘုရင်က လက်ဆောင်တော် ပေးသည့် ဆင် နှစ်စီးကို စောင့်ဆိုင်းနေရသော တရုတ်အရာရှိသည် တရုတ်ပြည်သို့မပြန်မီ လာရောက် နှုတ်ဆက်ပါသည်။ သူသည် ရင်းနှီး၍ပွင့်လင်း၏။ ယူနန်သို့ တိုက်ရိုက်သွားမည် ဖြစ်ကြောင်း ပြောကြား ပါသည်။ ထို့ကြောင့် တလနှစ်လအတွင်း ဗြိတိသျှအစိုးရထံမှ အဖွဲ့တဖွဲ့သည် တရုတ်ကေရာဇ်၏ သဘောတူခွင့်ပြုချက်အရ ယူနန်သို့ထွက်ခွာမည်ဖြစ်ကြောင်း ယူနန်ဘုရင်ခံအားပြောကြားရန် မှာကြားလိုက်သည်။ ဘုရင်ခံထံ ပါးလိုက်သည့် စကားကို ဆက်ဆက်ပြောမည်ဖြစ်ကြောင်း အရာရှိက ပြန်လည်ဖြေကြားပါသည်။ ထို့ပြင် ဘုရင်ခံမှာ ကင်တွန်သားဖြစ်၍ အင်္ဂလိပ်တို့၏ ဓလေ့ထုံးစံနှင့် နည်းနာများကို အနည်းနှင့်အများ သိကျွမ်းသည်ဖြစ်သဖြင့် ဗြိတိသျှအဖွဲ့ကို ကောင်းစွာ လက်ခံလိမ့်မည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောဆိုပြန်သေးသည်။ (တရုတ် အရာရှိတို့သည် များသောအားဖြင့် ကျွန်ုပ်တို့အား လွန်စွာမနှစ်လိုသည့် လက္ခဏာရှိကြရာ)တရုတ်အရာရှိတဦးနှင့် ဤမျှနှစ်ခြိုက်ဖွယ်ရာ စကားပြောဆိုရသည်ကို ကျွန်ုပ် များစွာကျေနပ်မိပါသည်။ ထို့ကြောင့် ယင်းပြန်သည်တွင် ကျွန်ုပ်က ကော်ဇောတခု လက်ဆောင်ပေးရာ များစွာနှစ်သက် အားရဟန် ရှိသည်။

အောက်တိုဘာလ ၁၃ ရက်နေ့။ ။ မနေ့က ကျွန်ုပ်ထံ လာရောက် ခဲ့သည့် တရုတ်အရာရှိသည် ဤနံနက်တွင် မိုးမျှင်းသို့ ထွက်ခွာသွားပြီ ဖြစ်သည်။

စဝတီးကြောင်းမှ ဘိန်းအနည်းငယ် ရောက်ရှိလာသည်။

အောက်တိုဘာလ ၁၅ ရက်နေ့။ ။နွားဝန်တင် ၆၀ ခန့်ပါဝင်သည့် ကုန်သည်စုတစုသည် မနေ့က စဝတီးသို့ ရောက်လာကြသည်။ ယင်းတို့၌ ကျွဲသရေနှင့် ဆန်ပါသည်။ မကြာမြင့်မီက ဆန်ဈေးမှာ လွန်စွာကြီးခဲ့၏။ ယခုမူ ရှမ်းတို့က ဆန်ယူလာပြီဖြစ်၍ တတင်းလျှင် ငွေနှစ်ကျပ်ခွဲအထိ ဈေးကျသွားပြီဖြစ်သည်။

နန်းခမ်းမှလာသည့် ရှမ်းတရုတ်တို့က ဂိုလတ်ကိုတိုက်ခိုက်သည့် ဒေးပြမျှားမှာ စောဇောကထင်သကဲ့သို့ ကချင်များမဟုတ်၊ မြန်မာများသာဖြစ်ကြောင်း ထွက်ဆိုကြသည်။

ဂိုလတ်၏ အနာပျောက်ကင်းမှုမှာ လွန်စွာ နှေးကွေးလှ၏။ နားအထက် ဒဏ်ရာမှာ အခြေအနေမကောင်းလှဟု တိုင်းရင်းဆရာဝန်က ပြောကြားပါသည်။

အောက်တိုဘာလ ၁၇ ရက်နေ့။ ။**ကာလနယ်ဖိုက်ချ်** သင်္ဘောသည် ဝါဂွမ်းအထုပ် ၁၅၀၀ ခန့်နှင့် ယနေ့ ဆိုက်ရောက်သည်။

မြစ်တွင် ရေစီးသန်လှ၍ သောင်များ ပေါ်စပြုနေပြီ၊ ခါတိုင်းတွင်မူ ဒီဇင်ဘာလမတိုင်မီ ပေါ်မြဲမဟုတ်ချေ။ သည်မှာရှိသည့်ကုန်သည်တို့က မြစ်ကြောင်း ဤမျှ အကြီးအကျယ် ပြောင်းသည့်အတွက် နွေအခါတွင် သင်္ဘောများ ဗန်းမော်အရောက်လာရန် ခဲယဉ်းချိမ့်မည်ကို ပူပန်ကြသည်။ သူတို့မြော်မြင်သည့်အတိုင်း ဖြစ်ခဲ့ပါမူ မန္တလေးနှင့်လည်းကောင်း၊ ဗြိတိသျှဘားမားနှင့်လည်းကောင်း ဆက်သွယ်ရေး ပြတ်တောက်မည်ဖြစ်ရာ သည်နေရာမှ ကုန်သွယ်ရေးကို များစွာထိခိုက်မည်ကို စိုးရိမ်ဖွယ် ရှိသည်။

ယဲနစော်ဘွားအား ဗန်းမော်ကိုလာ၍မန္တလေးသို့ဘုရင့်ထံ အဖူးအမြော်ဝင်ရန် တချက်လွှတ် ဆင့်ဆိုကြောင်း ကြားရသည်။ သို့သော် စော်ဘွားက ဆင့်ဆိုချက်ကို မထီလေးစားပြု၍ သည်နေရာ(ဗန်းမော်)အနီးကိုပင်လာရန် လုံးဝငြင်းပယ်သည်။

မတင်စော်ဘွား ရောက်ပြီဖြစ်သည်။ သို့သော် ကျွန်ုပ်ကို တတ်နိုင်သမျှရှောင်ရှားနေသည်။ ယင်းသည် ယခင်က အထူးခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့သည့် ကချင်စကားပြန် မောင်မိုးကိုပင် စကားမပြောတော့ချေ။

ယမန်နေ့က စစ်ကဲတဦးသည် မောင်မိုးထံ တိတ်တဆိတ် လူစေလွှတ်လျက် အင်္ဂလိပ်(မင်း)တို့အမှုတော်ကို စွန့်လွှတ်ပါ၊ ဘုရင်က ရာထူးကောင်းတနေရာနှင့် ရွှေထီးတစင်း ချီးမြှင့်ပါမည်ဟု ပြောဆိုစုံစမ်းလာသည်။ မောင်မိုးက ယခုအခါ ကျွန်ုပ်တို့၏အမှုတော်ကို စွန့်လွှတ်လိုစိတ် မရှိသေးကြောင်း၊ ရွှေထီးလည်းမလိုချင်ကြောင်း မှာကြားလိုက်သည်ဟု ကျွန်ုပ်အား ပြန်ပြောပြပါသည်။

အောက်တိုဘာလ ၁၉ ရက်နေ့။ ။ယနေ့ မွန်းတိမ်းတွင် **ကာလနယ်ဖိုက်ချ်** သင်္ဘော မန္တလေးသို့ ထွက်ခွာသွားသည်။ ယင်းတွင်ပါသည့် ကုန်စည်များမှာ ဆေးဒန်းတောင်း အနည်းငယ်၊ ခဲ၊ကြေးနီနှင့် သံအိုးကြီး အလုံး ၂၀၀ ဖြစ်ပါသည်။

အောက်တိုဘာလ ၂၀ ရက်နေ့။ ။ဒဏ်ရာရ အိန္ဒိယတိုင်းရင်းသား ဂိုလတ်မှာ လွန်စွာနာမကျန်း ရှိနေသည်။ ခေါင်းနှင့်မျက်နှာတခုလုံးတွင် အနာမီးလျှံနာများ ပေါက်လျက်ရှိသည်။

အောက်တိုဘာလ ၂၁ ရက်နေ့။ ။မြန်မာအရာရှိများသည် ဂိုလတ်အား တိုက်ခိုက်သည့် ဓားပြများကိုခြေရာခံရန် မည်သို့မျှစီစဉ်ခြင်း မရှိသည်လည်း တကြောင်း၊ ဂိုလတ်၏ဝေဒနာမှာ သေခြင်းနှင့် အဆုံးသတ်ဖွယ် ရှိသည်လည်းတကြောင်း တို့ကြောင့် အမှုအခင်းနှင့်စပ်လျဉ်း၍ ယင်း၏ ထွက်ဆိုချက်ကို ရေးယူထားသည်။ ယင်းထွက်ဆိုသည်မှာ နန်းခမ်းမှအပြန်တွင် မိမိနှင့်အတူလိုက်ပါ ဝန်ထမ်းရန် ရှမ်းအမျိုးသားနှစ်ဦးကို ငှားရမ်းခဲ့ကြောင်း၊ ဓားပြတိုက်ခံရသည့်နေ့ နံနက်တွင် အမည်မသိသည့် ရွာတရွာမှထွက်ခွာခဲ့ရာ ရွာအလွန်၌ မြန်မာသုံးဦးနှင့်ဆုံမိ၍ ယင်းတို့က မိမိအား လွန်ခဲ့သည့် နှစ်နှစ်သုံးနှစ်က ၎င်းတို့၏ ဆွေမျိုးအချို့ကို ကုသပေးသည့် တိုင်းရင်း ဆရာဝန် ဟုတ်မဟုတ် မေးမြန်းကြကြောင်း၊ မိမိက မိမိမှာ တိုင်းရင်းဆရာဝန်မဟုတ်၊ ယင်း၏ ညီသာဖြစ် ကြောင်း ဖြေကြားရာတွင် မြန်မာများက ကောင်းပြီ၊ ကျွန်ုပ်တို့သင်နှင့်အတူ စာဝတီး အရောက် လိုက်ပါစောင့်ရှောက်မည်ဟု ပြောကြားကြကြောင်း၊ သို့ဖြစ်ရကား အတူတကွ ခရီးဆက်ခဲ့ကြ၍

နံနက် ၁၀ နာရီ ၁၁ နာရီခန့်တွင် စာဝတီးနှင့် တမိုင်ခွဲနှစ်မိုင်ခန့်အကွာ စခန်းတခုတွင် နံနက်စာ စားကြပြီး ဂိုလတ်မှာ အိပ်ပျော်သွား၍ ညနေ ၄ နာရီနီးပါးတိုင်အောင် မနိုးကြောင်း၊ နိုးလာရာတွင် မိမိမှာ မှုးနောက်နာကျင်၍ သွေးအလိမ်းလိမ်းဖြစ်နေသည်ကို တွေ့ရကြောင်း အနီးအပါးကြည့်ရှုရာ မိမိနံဘေး၌ ရှမ်းကူလီတဦး၏ အလောင်းကို တွေ့ရှိရကြောင်း၊ မြန်မာ ၃ ဦးနှင့် ကျန်ရှမ်းကူလီမှာ ထွက်ပြေးပြီဖြစ်ကြောင်း၊ မိမိ၏ဘိန်းနှင့် ငွေများမှာလည်း မရှိတော့ကြောင်း၊ လူဆိုးများက မိမိလက်မျှားမှ လက်စွပ်များကိုပင် ချွတ်ယူသွားကြကြောင်းဖြစ်သည်။ ထို့နောက် ဂိုလတ်သည် အတတ်နိုင်ဆုံး လျင်မြန်စွာ စာဝတီးသို့ သွားရောက်ခဲ့၍ ယင်းသည်မှ ရွာအုပ်က ချက်ချင်းပင် သည်နေရာသို့ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။ ဂိုလတ် စတင်ထွက်ခွာသည့်ရွာမှာ ကချင်တောင်တန်းအခြေရှိ မန်စည်ဖြစ်လိမ့်မည်၊ ဓားပြတိုက်ခံရသည့် နေရာမှာ ပင်ကန္ဒားစခန်းခေါ်တွင်သည်ဟု ဒေသကျွမ်းကျင်သူများကို မေးစမ်းခြင်းအားဖြင့် သိရပါသည်။ ယင်းသို့ဖြစ်ရကား ဓားပြမှုမှာ ကောင်းဟုံမြို့နယ်အတွင်း ဖြစ်ပွား ခဲ့ပေလိမ့်မည်။ သို့သော် ဗန်းမော်မြို့နယ် အစပ်နှင့် နီးလှသည် ဖြစ်ရာ ဤနေရာမှ အရာရှိများက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကြိုးစားခဲ့ပါမူ ဤအချိန် မတိုင်မီကပင် ဓားပြများကို ဖမ်းဆီးရမိပြီဖြစ်ပေမည်။

ဘုရင့်သံမဏိသင်္ဘောသစ် တစင်းသည် တင်သွင်းဆားပိဿာ ၂၀၀၀၀၀ ပါ တွဲသင်္ဘောတစင်းနှင့် ယနေ့မွန်းယိမ်းတွင် ဆိုက်ရောက်သည်။ ထိုဆားများကို ချင်ဟိုးနှင့်ကုမ္ပဏီကုန်တိုက်က မန္တလေးသို့ တင်သွင်းခြင်းဖြစ်သည်။ မန္တလေးဘင် လွယ်လင့်တကူ ရောင်းမရသဖြင့် ရန်ကုန်မှ ဆားများ တင်လာသည့် တွဲသင်္ဘောနှင့်ပင် ဗန်းမော်သို့ ဆက်လက်တင်ပို့လိုကြသော်လည်း ကုန်တင်ခနှင့် ပတ်သက်၍ ရောဝတီ ဖလိုတီလာကုမ္ပဏီနှင့် သဘောတူညီမှုမရသောကြောင့် မန္တလေးတွင်ပင် ဆားများချရ၏။ ချင်ဟိုးနှင့် ကုမ္ပဏီသည် ဘုရင့်အား ဆားရောင်းဖြစ်ရကား ယင်းက ဤနေရာ၌ ရောင်းချရန် တင်ပို့လိုက်ခြင်းဖြစ်သည်။

(ဗန်းမော်) ဝန်ထံသို့ ဂိုလတ်အကြောင်း ပြောဆိုရန်သွားသည်။ ဂိုလတ်မှာ မည်မျှ ကြာရှည်စွာ သတိကောင်းလျက် အမေးအမြန်းခံနိုင်သည့် အခြေအနေတွင် ရှိနေဦးမည်ကို မသိနိုင်သောကြောင့် ဓားပြမှုနှင့်စပ်လျဉ်း၍ မေးမြန်းရန် တစုံတခုရှိပါက အရာရှိတဦး ချက်ချင်းစေလွှတ်ပြီး မေးမြန်းသင့်ကြောင်း ပြောကြားပါသည်။

(ဗန်းမော်)ဝန်သည် ဤကိစ္စတခုလုံးကို များစွာအရေးမထားချေ။ ဓားပြမှုမှာ မိမိစီရင်နက် ပြင်ပ၌ ဖြစ်ပွားသောကြောင့် မိမိသည် မည်သို့မျှဆက်လက် မဆောင်ရွက်နိုင်ဟန် ပြုလုပ်နေသည်။ ဂိုလတ်သည် ဒဏ်ရာများနှင့် စာဝတီးသို့ ရောက်ရှိစဉ်က စစ်ကဲတဦးမှာ စာဝတီး သို့မဟုတ် ရွာသစ်၌ အမှန်ပင် ရှိခဲ့သည်ဟု ယူဆရန် ခိုင်လုံသော အကြောင်း ကျွန်ုပ်တွင်ရှိသည်။ စစ်ကဲကမူ ယင်းနေ့စွဲတွင် မိမိမှာ ဗန်းမော်သို့ ပြန်ရောက်နေပြီ ဖြစ်ကြောင်း၊ ထိုနေရာတွင် မိမိရှိကြောင်း ငြင်းဆိုသည်။ ဤသို့ ဆိုခြင်းမှာ မမှန်မကန်ကြောင်း ကျွန်ုပ် သိသည်။ (ဗန်းမော်) ဝန်ထံ ကျွန်ုပ် ၉ ရက်နေ့ သွားရောက်စဉ်က သူ(စစ်ကဲ)သည် ဤနေရာ (ဗန်းမော်) တွင် မရှိချေ။ ဓားပြမှုမှာ အောက်တိုဘာလ ၆ ရက်နေ့သို့မဟုတ် ၇ ရက်နေ့တွင်ဖြစ်ပွားခဲ့သည်။ ဤအရေးနှင့် စပ်လျဉ်း၍ မြန်မာအရာရှိတို့၏ အပြုအမူမှာ များစွာ မကျေနပ်ဖွယ် ဖြစ်သည်ဟု ဆိုရပေမည်။ ယင်းကိစ္စကို အရေးတကြီး ဖိဖိစီးစီး ပြောဆိုသည်တွင်မှ (ဗန်းမော်)ဝန်က စုံစမ်း စစ်ဆေးစေမည် ဖြစ်ကြောင်း၊ အကျိုး အကြောင်းကို ကျွန်ုပ်အား ပြောကြားမည် ဖြစ်ကြောင်း ကတိပြုသည်။ နေ့ခင်းတွင်

စာရေးတော်ကြီး တဦးနှင့် နားခံတဦးသည် စာဝတီးရွာအုပ်ကို အပါခေါ် ခဲ့၍ သံတဲသို့လာရောက်ပြီး ဂိုလတ်ကို စစ်ဆေးမေးမြန်းကြသည်။ ယင်း၏ထွက်ဆိုချက်မှာ ကျွန်ုပ်ကို ပြောကြားသည်များနှင့် အသေးစိတ်ရာ၌ အနည်းငယ်ကွာခြားသည်။ သို့သော် အရေးကြီးသော အချက်အလက်များတွင် များစွာတူညီ၏။ ထို့နောက် အရာရှိနှစ်ဦးတို့သည် ကျွန်ုပ်ထံလာရောက်၍ ပြစ်မှုမှာ ကောင်းတုံမြို့ စီရင်နက်တွင် ဖြစ်ပွားသည်ကို မိမိတို့ယုံကြည်ကြကြောင်း၊ သို့ဖြစ်၍ မိမိတို့မှာ မည်သို့မျှမတတ်နိုင်တော့ကြောင်း ပြောကြားကြသည်။ဂိုလတ်မှာ အနည်းငယ်သက်သာဟန်ရှိသည်။အနာမီးလျှံနာမှာ ပြန့်ပွားခြင်းမရှိချေ။ သို့သော် သူ့မျက်နှာမှာ များစွာယောင်ယမ်းနေသဖြင့် အင်္ဂါအစိတ်အပိုင်းများကို တခုနှင့်တခု ခွဲခြားမရရှိနေသည်။

အနီးအနားပ် ကျေးရွာများမှ ရွာသားတို့ကို ဘုရင့် သင်္ဘောတော်မှ ဆားများ သယ်ချရန် ဆင့်ခေါ် ထားသည်။ ယောကျ်ား တယောက်လျှင် ပိဿာ ၅၀၀ စီသယ်ချရန် ဖြစ်သည်။ ထုံးစံအတိုင်း ၎င်းတို့၏ လုပ်ငန်းအတွက် အခကြေးငွေရသည်ကား မဟုတ်ပေ။

အောက်တိုဘာလ ၂၆ ရက်နေ့။ ။လွန်ခဲ့သည့် သုံးရက်အတွင်း မှတ်တမ်းတင်ထိုက်သည့် အကြောင်းအရာ မရှိချေ။ တိုင်းသူပြည်သား အားလုံးတို့မှာ သီတင်းကျွတ် (ဝါ) ဝါကျွတ်ပွဲကို ပျော်ရွှင်စွာ ဆင်နွဲနေကြသည်။

ဘုရင့်သင်္ဘော ယနေ့ ထွက်ခွာသွားသည်။ ယင်းတွင် ဘုရင်မင်းမြတ်အား ကန်တော့လက်ဆောင်ဆက်ရန် သွားကြသည့် ကချင်အများပါသည်။ ယင်းတို့နှင့်အတူ နားခံတဦးလည်း လိုက်ပါသည်။ ကချင်အများစုမှာ လောစုံမျိုးတူစုမှ ဖြစ်ကြ၍ ထိုအုပ်စုတွင် စော်ဘွား ၂၀ ခန့်ပါသည်။ မတင်စော်ဘွားမှာ ဗန်းမော်မှ ထွက်ခွာသွားပြီး ဖြစ်သည်။

အောက်တိုဘာလ ၂၇ ရက်နေ့။ ။လကွန်စော်ဘွား ကျွန်ုပ်ထံသို့မိတ်ဆွေဖြစ် လာရောက် လည်ပတ်သည်။သတင်းတစုံတရာမျှ မပေးချေ။တရုတ်တို့သည် ကြက်ပေါင်စေးကို ကုန်တော် ပြုလုပ်သည့်အတွက် များစွာမကျေမနပ်ဖြစ်နေကြသည်။ မက်စ် ဆယ်စ် ဆပ်သလင်၊ မက်ကင်ဇီနှင့် ကုမ္ပဏီ ကုန်တိုက်က ဝန်ကြီးများ ဤသို့ပြုလုပ်ရန် အားပေးအားမြှောက် ပြုသည်ဟု ယင်းတို့က ထင်နေကြဟန်တူသည်။ ထိုကုန်တိုက်သည် ဘုရင့်ထံမှ ရနိုင်သမျှ ကြက်ပေါင်စေးကို တစုံတခုသော ဈေးနှုန်းဖြင့် အကုန်ဝယ်ယူမည်ဟု စာချုပ် ချုပ်ကြောင်း ပြောဆိုနေကြသည်။ တရုတ်တို့က မက်စ်ဆယ်စ် ဆပ်သလင်၊ မက်ကင်ဇီနှင့်ကုမ္ပဏီသည် ဈေးကွက်တွင် မိမိတို့နှင့် မယှဉ်ပြိုင်နိုင်သည့်အတွက် ကြက်ပေါင်စေးရောင်းဝယ်မှု လက်ဝယ်ရောက်ရှိစေရန် ဤနည်းကိုအသုံးပြုသည်။ယင်းတို့မှာ အင်္ဂလိပ်ကုန်တိုက်တခုဖြစ်သည့်အလျောက် ကျွန်ုပ်တို့အစိုးရက အလျှော့ပေးပြီး မြန်မာအာဏာပိုင်များကို ယင်းကိစ္စနှင့် စပ်လျဉ်း၍ စိတ်ကြိုက်ပြုလုပ်စေသည်ဖြစ်ကြောင်း ပြောဆိုကြ၏။ ကျွန်ုပ်တို့ ဤအရေးတွင် မစွက်ဖက်နိုင်ကြောင်းကို ရှင်းပြရန် ကြိုးစားပါသည်။ သို့သော် ၁၈၆၇ စာချုပ်သို့မဟုတ် ဘာသာပြန်တခုစီကို တရုတ်ကုန်သည်တိုင်းလိုပင် လက်ကိုင်ထားသည်ဖြစ်ရာ ရမြဲအဖြေမှာ ယင်းကိစ္စနှင့်ပတ်သက်၍ ၁၈၆၇ စာချုပ်တွင် မိမိတို့ မည်သို့မျှ မတွေ့ရကြောင်း ဖြစ်သည်။ ကျွန်ုပ်တို့ တရုတ်တို့၏ ယုံကြည်ကိုးစားမှု ရခါစအချိန်တွင် ဘုရင်က ဤသို့ ကုန်တော်ပြုလုပ်ခြင်းသည် ကံဆိုးလေစွတကား။

အောက်တိုဘာလ ၂၈ ရက်နေ့။ ။ကျွန်ုပ်ထံသို့ ယဲန–လစွန်စော်ဘွား လာရောက်သည်။ သူသည် အလွန်လေးလံထုံထိုင်းပုံရှိသည့် ကချင်လူငယ်ဖြစ်၍ ဗန်းမော်နှင့် အတန်လှမ်းသော ရှဖောသို့ သွားရာ ခရီးလမ်းပေါ်ရှိ ရှမ်းရွာတရွာကို အုပ်စိုးသည်။ သူသည် ဂိုလတ် ဓားပြအတိုက်ခံရသည်ကို ကြားသိပြီးဖြစ်၍ ယဲနစော်ဘွားသည် ထိုလမ်းခရီးကို ကုန်သည်တို့ သွားလာရာ၌ စိုးရိမ်ကြောင့်ကြမှုမရှိစေရန် လမ်းကိုတတ်နိုင်သမျှ ငြိမ်ဝပ်စေရန် လိုလားသည့်အလျောက် ယင်းသို့ ဓားပြမှု ဖြစ်ပွားသည်ကို များစွာစိတ်ဆိုးကြောင်း ပြောပါသည်။ ဤစော်ဘွားက ဓားပြများမှာ မန်စည်အနီးရှိ ကျေးရွာအချို့တွင် နေထိုင်သည့် မြန်မာ သို့မဟုတ် ရှမ်းများဖြစ်သည်မှာ ယုံမှားဖွယ် မရှိကြောင်း ပြောကြားပါသည်။

ကမ်ဘတူ လေးမြို့မှ ပြန်ရောက်ပြီဖြစ်သည်။ ဆထုံစော်ဘွားနှင့် ထိုဒေသမှ ကချင် ခေါင်းဆောင်ငယ် နှစ်ဦးသုံးဦးတို့ကို ယင်းနှင့်အတူ ခေါ်ဆောင်ခဲ့သည်။ တဆကွန်သားများသည် ၎င်းတို့ ဖခင်ထံမှ သူသည် ငစော်ဘဲဋ္ဌာနချုပ်သို့ ချောမောစွာ ရောက်သည့် အကြောင်းကြား စာများ ရရှိကြကြောင်း ကမ်ဘတူက ပြောဆိုသည်။ ညနေဘက်တွင် သံတဲသို့ တရုတ်အများ လာရောက်၍ တဆကွန်ရောက်ပြီလောဟု မေးမြန်းကြသည်။ ယင်းသည်ကိုထောက်လျှင် တဆကွန် သေပြီဟု ယင်းတို့ စိတ်ချယုံကြည်ခြင်းမရှိကြောင်း ထင်ရှားသကဲ့သို့ ဖြစ်သည်။ ဂိုလတ်မှာ စိုးရိမ် ရသည့် အခြေအနေမှ လွတ်မြောက်ပြီး အခြေအနေမှာ တိုးတက်ကောင်းမွန်လျက် ရှိသည်။

အောက်တိုဘာလ ၂၉ ရက်နေ့။ ။ယနေ့ ဆထုံစော်ဘွား ကျွန်ုပ်ထံ လာရောက်သည်။ သူသည် ထူးခြားစွာ ထက်မြက်ပုံရသည့် ကချင်တယောက်ဖြစ်သည်။ ကျွန်ုပ် ကမ်ဘတူထံမှ ကြားပြီးသည် များကို သူက ထပ်မံပြောဆိုပြီး ခိုလှုံသူ ပန်းသေးများသည် မိမိ၏ တောင်နှင့် ဧပ်လျက်ရှိသော မြေအချို့တွင် ဝမ်းစာဖူလုံရေးအတွက် တောင်ယာများ လုပ်ကိုင်လျက် ရှိကြောင်း ပြောကြား သည်။ သူ၏ အစောင့်အရှောက်ခံ ပန်းသေး စုစုပေါင်း ၉၅ ယောက်ခန့် ရှိတန်ရာသည်။

အောက်တိုဘာလ ၃၀ ရက်နေ့။ ။ယမန်နေ့က စက်ကောမှ ရောက်လာသည့် တရုတ်ကုန်သည် တဦးက မန်ဝိုင်းမှ လားဝန်တင် ၁၀၀၀ ရောက်ကြောင်း၊ နောက်ထပ် ၄၀၀၀ ရောက်မည်ကိုလည်း နေ့စဉ်ပင် မျှော်လင့်နေရကြောင်း ထွက်ဆိုသည်။

အောက်တိုဘာလ ၃၁ ရက်နေ့။ ။မှတ်ပုံတင်ရ ဗြိတိသျှကျွန်တော်မျိုး တဦးဖြစ်သည့် ကွန်တုံမှ လွှဲ၍ သည်နေရာမှ တရုတ်ကုန်သည်အားလုံးအား မိမိတို့ကုန်ပစ္စည်းများကို ဘုရင့်သင်္ဘောတော်များ တွင်သာ တင်ပါမည်၊မည်သည်ကိုမျှ ရောဝတီ ဖလိုတီလာကုမ္ပဏီသင်္ဘောများတွင် မတင်ပါ ဟူသော စာချုပ်ကို (ဗန်းမော်)ဝန်က အတင်းအကျပ် လက်မှတ်ရေးထိုးစေသည်။ မိမိဘက်မှလည်း (ဗန်း မော်)ဝန်က ဘုရင့်သင်္ဘောတော်များသည် တလလျှင် နှစ်ကြိမ် မှန်မှန်ရောက်မည် ဖြစ်ကြောင်း၊ ကုန်တင်ခမှာ ရောဝတီဖလိုတီလာကုမ္ပဏီတောင်းသည်ထက် လျော့နည်းမည်ဖြစ်ကြောင်း ချုပ်ဆို သည်။ ထို့ပြင် သူက ကုန်စည်လွှဲအပ်ခံရသူထံ ပေးအပ်သည့်ကုန်များ လျော့နေပါက လွှဲအပ်ခံရ သူအား အစားပေးမည်ဖြစ်ကြောင်း၊ သို့မဟုတ် ယင်းတို့၏ တန်ဖိုးကို ပေးမည်ဖြစ်ကြောင်း ခံဝန် သည်။ သည်အကြောင်းများကို ကွန်တုံကိုယ်တိုင်ထံမှ ကြားသိရပါသည်။ ယင်းအကြောင်းများ ကို (ဗန်းမော်)ဝန်အား မပြောကြားရန်ကိုလည်း ယင်းက တောင်းပန်ပါသည်။ အခြား တရုတ်

ကုန်သည်များနှင့် ဤအကြောင်းကို ပြောဆိုရန် ကြိုးစားပါသည်။ သို့သော် ကျွန်ုပ်ပြောသည်များကို လုံးဝနားမလည်ဟန်ဆောင်ကြသည်။ သို့မဟုတ် ဤအကြောင်းကို ရှောင်ကွင်း၍ စကားလွှဲကြသည်။ ယင်းအကြောင်းကဲ့သို့ တစုံတခုဖြစ်ပြီကိုကား ကျွန်ုပ်ယုံကြည်သည်။ သို့သော် ဘရွတ်ကုန်သည်များ ချုပ်ဆိုသည့်အတိုင်း တည်မတည်ကိုကား စောင့်ကြည့်ရဦးမည် ဖြစ်သည်။

ဆေးဒန်း၊ ကြေးနီအိုးနှင့် ကြေးနီအပိုင်းအစ အမြောက်အမြား စက်ကောမှ ရောက်လာသည်။ မကြာမီက ရှဖောမှ ရောက်လာသည့် ရှမ်းအချို့က ထိုနေရာ၌ သေနတ်များကို အလွန်ချီသာသော ဈေးနှုန်းများဖြင့် ရနိုင်ကြောင်း ဆိုကြသည်။ သေနတ်များမှာ ဥရောပလုပ်ဖြစ်၍ နှစ်လုံးပြူးသေနတ်တလက်၏ဈေးနှုန်းမှာ ငွေ ၇ဝ ကျပ်(?) ဖြစ်ကြောင်း ဆိုကြပြန်သည်။ ရှဖောစော်ဘွားကိုယ်တိုင်ကလည်း မိမိလူများအတွက် လက်နက် ၁၀၀၀ ဝယ်ယူကြောင်း ကျွန်ုပ်အား ပြောကြားကြ၏။ ဤလက်နက်များမှာ ဆိုင်ဂွန်နှင့် တွန်ကင်းမှ မဲခေါင်မြစ်ကြောင်း ဆန်တက်လာ၍ ရှဖောသို့ ရောက်ရှိလာခြင်းဖြစ်သည်ကိုကား ယုံမှားဖွယ် မရှိချေ။

မကြာမီက လေးမြို့မှ ရောက်လာသည့် အိန္ဒိယတိုင်းရင်းသား သုံးဦးက ကြက်ပေါင်စေးကို ရုတ်တရက် ကုန်တော်ပြုလိုက်ခြင်းကြောင့် မိမိတို့မှာ အခက်အခဲတွေ့၍ ငွေကြေး ဆုံးရှုံးရကြောင်း ကျွန်ုပ်တို့ထံ လာရောက် တိုင်တန်းကြသည်။ ထိုသူတို့သည် လွန်ခဲ့သော ခြောက်လ၊ ရှစ်လ ခန့်ကသို့မဟုတ် ယင်းထက် ကြာမြင့်စွာကပင် လေးမြို့ မြို့နယ်၌ ကြက်ပေါင်စေးများ စုဆောင်းနေဟန်ရှိသည်။ ယခုအခါ သူတို့တွင် စုစုပေါင်း ပိဿာ ၂၀၀၀ ခန့်ရှိပြီး ဖြစ်သည်။ ယင်းတို့အနက် တဦးဖြစ်သည့် အာဂါဟွတ်ဆိန်အလီမှာ နောက်ထပ် ပိဿာ ၁၇၀၀ ရရှိရေးအတွက် ငွေများနှင့် ကုန်စည်များကို တင်ကူးထုတ်ပေးပြီးဖြစ်သည်။ ယင်းတို့မှာ မငွေမျှော်လင့်ပဲ ရနှင့်ပြီး ကြက်ပေါင်စေးကိုလည်း ပျက်စီးလုမတတ် အရှုံးခံမရောင်းချပါက ထုခွဲမရ ရှိနေသည့်ပြင် တင်ကူး ထုတ်ပေးထားသည်များကိုသည်း ပြန်လည်ရနိုင်မည် မဟုတ်ချေ။ ယင်းတို့ တဦးချင်း၌ သိုလှောင်ထားသည့် ကြက်ပေါင်စေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အာဂါဟွတ်ဆိန်အလီ	၁၅၀၀ ပိဿာ
အီဆွဖ်အီဘရာဟင်	၂၅၀ ။
နွှန်မဟာမဒ်	၃၅၀ ။
စုစုပေါင်း	၂၁၀၀ ပိဿာ

လွန်ခဲ့သော ရက်အနည်းငယ်က ထိုသူတို့ ကျွန်ုပ်ထံ လာရောက်စဉ်က ၎င်းတို့အား (ဗန်းမော်)ဝန်ထံသို့ ညွှန်းလိုက်သည်။ သူ(ဗန်းမော်ဝန်)ထံ သွားရောက်ရာ၌ ယင်းတို့ ပြောဆိုသည်များကို နားထောင်သည်ဆိုရုံမျှ နားထောင်ပြီး ကြက်ပေါင်စေး ရောင်းဝယ်ရန် ကြိုးစားပါက ယင်းတို့ကို ခြေကျဉ်းနှစ်ထပ်နှင့် ထောင်သွင်းထားမည်ဟူ၍ ပြောကြားသည်။ အကျိုးထူးမည် မဟုတ်ဟု ယုံကြည်သောကြောင့် ဤအကြောင်းနှင့် စပ်လျဉ်း၍ (ဗန်းမော်ဝန်)ကို မည်သို့မျှ မပြောပါချေ။ ဘုရားကျွန်တော်ချင်း ဤသူတို့အား ကုန်သေတ်အခွန် မသတ်မှတ်မီက စုဆောင်းထားခဲ့သည့် ယင်းတို့၏ ကြက်ပေါင်စေးများကို ရောင်းခွင့်ပေးသင့်ပါသည်။ အာဂါဟွတ်ဆိန်အလီ

တင်ကူးထုတ်ပေးထားသည့် ငွေနှင့် စပ်လျဉ်း၍ ငွေ သို့မဟုတ် ပိဿာ ၁၇၀၀ ထက် မကျော်ပါက ကြက်ပေါင်စေးရရှိစေရန် အချိန်အနည်းငယ်– နှစ်လခန့် ဆိုပါတော့– ပေးသင့်သည် ထင်ပါသည်။ သူတို့အတွက် မည်သို့မျှကျွန်ုပ်ဆောင်ရွက်မပေးနိုင်ကြောင်း၊ သို့သော်ဤအမှုမှာလွန်စွာနက်နဲသည်ဟု ကျွန်ုပ်ထင်မြင်ကြောင်း၊ မန္တလေး ဗြိတိသျှအရေးပိုင် ဆင်ခြင်သုံးသပ်နိုင်စေရန်အတွက် အစီရင်ခံမည် ဖြစ်ကြောင်း ထိုသူတို့အား ပြောကြားပါသည်။

ကရေဖိုဒ်ဘီကွပ်က်
ယာယီနိုင်ငံရေးကိုယ်စားလှယ်

အမှတ်စဉ် ၃၂

စာအမှတ် ၆၊ ဖွတ်ဝီလျံ၊ နေ့စွဲ ၁၈၇၅ ဇန္နဝါရီလ ၈ ရက်နေ့

မှ– အိန္ဒိယအစိုးရ
သို့– အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီး

ကျွန်ုပ်တို့၏ စာအမှတ် ၂၁၇၊ နေ့စွဲ လွန်ခဲ့သော ဒီဇင်ဘာလ ၄ ရက်နေ့ကို ဆက်လက်၍ ဗန်းမော်မြို့ ယာယီနိုင်ငံရေးကိုယ်စားလှယ်၏ နေ့စဉ်မှတ်တမ်း၊ ၁၈၇၄ အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်နေ့အထိကို ဗြိတိသျှဘားမား မဟာဝန်ရှင်တော်မင်းကြီးက တင်ပို့အကြောင်းကြားသည့်စာ မိတ္တူတစောင်ကို ဘုရင်မအစိုးရ သိရှိစေရန် တဆင့်ပေးပို့ပါသည်။

နေ့စွဲ ၁၈၇၄ ဒီဇင်ဘာလ ၁၂ ရက်နေ့၊
စာအမှတ် ၅၇၄–၂ ပီ

အမှတ်စဉ် ၃၇

ကြေးနန်း၊ နေ့စွဲ ၁၈၇၄ နိုဝင်ဘာလ ၂ ရက်နေ့

မှ– ရန်ကုန်၊ မဟာဝန်ရှင်တော်မင်းကြီး
သို့– ကာလကတ္တား၊ နိုင်ငံခြားရေးအတွင်းဝန်

ဗန်းမော်လမ်းကြောင်း ရွေးချယ်သည်ကို သဘောတူမတူပြန်ပါ။

အမှတ်စဉ် ၃၈

ကြေးနန်း၊ အမှတ် ၄၁ စီ၊ ပီ၊ နေ့စွဲ ၁၈၇၄ နိုဝင်ဘာလ ၂ ရက်နေ့

မှ – ဘုရင်ခံချုပ်စခန်း၊ နိုင်ငံခြားရေးအတွင်းဝန်၊
သို့ – ရန်ကုန်၊ မဟာဝန်ရှင်တော်မင်းကြီး

ဗန်းမော်လမ်းကြောင်း ခွင့်ပြုသည်။

အမှတ်စဉ် ၃၉

ကြေးနန်း၊ နေ့စွဲ ၁၈၇၄ နိုဝင်ဘာလ ၁၃ ရက်နေ့
မှ – ရှန်ဟိုင်း၊ မက်ဒ်ဟတ်စ်၊
သို့ – ကာလကတ္တား၊ နိုင်ငံခြားရေးအတွင်းဝန်

စကားပြန် ကလယ်မင်န်အယ်လင်နှင့် တရုတ်စာရေး ရှန်ဟိုင်းမှ ရန်ကုန်သို့ ချက်ချင်း ထွက်ခွာမည်ဖြစ်ကြောင်းပြောရန် သံအမတ်က ညွှန်ကြားသည်။ ထွက်ခွာမည့်နေ့ရက်ကို မကြာမီ အကြောင်းကြားမည်။

စာအမှတ် ၂၄၈၆ ပီ၊ ဖွတ်ဝီလျံ၊ နေ့စွဲ ၁၈၇၄ နိုဝင်ဘာလ ၁၇ ရက်နေ့
နိုင်ငံခြားရေးဌာနမှ ရေးမှတ်ပြီး။
ကာနယ်လ်အိပ်ချ်ဘရောင်း သိရှိစေရန် မိတ္တူကို တဆင့်ပေးပို့ပါသည်။

အမှတ်စဉ် ၄၀

ကြေးနန်းအမှတ် ၂၄၈၅ ပီ၊ နေ့စွဲ ၁၈၇၄ နိုဝင်ဘာလ ၁၇ ရက်နေ့
မှ – ကာလကတ္တား၊ နိုင်ငံခြားရေးအတွင်းဝန်
သို့ – ရန်ကုန်၊ မဟာဝန်ရှင်တော်မင်းကြီး

နိုဝင်ဘာလ ၁၃ ရက်နေ့စွဲဖြင့် ရှန်ဟိုင်း ကောင်စစ်ဝန် မက်ဒ်ဟတ်စ်ထံမှ အောက်ပါ ကြေးနန်းကို ရပါသည်။

"စကားပြန် ကလယ်မင်န်အယ်လင်နှင့် တရုတ်စာရေး ရှန်ဟိုင်းမှ ရန်ကုန်သို့ ချက်ချင်း ထွက်ခွာမည်ဖြစ်ကြောင်း ပြောရန် သံအမတ်က ညွှန်ကြားသည်။ ထွက်ခွာမည့်နေ့ရက်ကို မကြာမီ အကြောင်းကြားမည်။"

အမှတ်စဉ် ၄၁

စာအမှတ် ၁၀၇–၄၉၉၊ ရန်ကုန်၊ နေ့စွဲ ၁၈၇၄ နိုဝင်ဘာလ ၁၃ ရက်နေ့

မှ – လက်ဖ်တနင်ကာနယ်လ်၊ အိပ်ချ်၊ တီ၊ ဒန်ကင်၊ ဗြိတိသျှဘားမား မဟာဝန်ရှင်တော်မင်းကြီး၏ ယာယီအတွင်းဝန်

သို့ – စီ၊ ယူ၊ အိပ်ချစ်ဆင်၊ အက်စ်ကွိုင်ယာ၊ စီ၊ အက်စ်၊ အိုင်၊ အတွင်းဝန်၊ နိုင်ငံခြားရေး ဌာန၊ အိန္ဒိယအစိုးရ

သင့်ထံမှ အနားကွက်လပ်တွင် ရည်ညွှန်းသည့် တရုတ်ပြည် အနောက်ပိုင်းသို့ စေလွှတ်မည့် အဖွဲ့ကိစ္စနှင့် စပ်လျဉ်း၍ ရေးသားသည့်စာကို ရရှိကြောင်း၊ မန္တလေး ဗြိတိသျှ အရေးပိုင်အားလည်း အဖွဲ့မှာ ဗန်းမော်ကို ဖြတ်သန်းသည့် လမ်းကြောင်းမှ သွားမည် ဖြစ်ကြောင်း ညွှန်ကြားသည့်အတိုင်း ကြားအပ်ပါသည်။

အမှတ် ၃၀ စီ၊ ပီ၊ နေ့စွဲ ၁၈၇၄ အောက်တိုဘာလ ၂၈ ရက်နေ့

မစ္စတာ မာဂျရီသည် တရုတ်ပြည်ကို ကုန်းလမ်းခရီးဖြင့် ဖြတ်သန်း၍ နယ်ဇပ်သို့ လာနေသည်မှာ ယခုအခါ ထင်ရှားပါပြီ။ သူသည် ရှုံချန်သို့ နိုဝင်ဘာလ ၃၀ ရက်နေ့ခန့် ရောက်မည်ဟု မျှော်လင့်ရသည်။ ကာနယ်လ်ဘရောင်းသည် ဗန်းမော်မှ ဇန္နဝါရီလဆန်းတိုင်အောင် ထွက်ခွာနိုင်ဖွယ် မရှိသဖြင့် မဟာဝန်ရှင်တော်မင်းကြီးသည် မစ္စတာ မာဂျရီနှင့်ဆက်သွယ်ရန် အစီအစဉ်များ ချက်ချင်းပြုလုပ်မည် ဖြစ်သည်။ မစ္စတာ မာဂျရီသည် ရှုံချန် သို့မဟုတ် မိုးမျဉ်းသို့ ချောမောစွာ ရောက်နိုင်ခဲ့ပါမူ ၎င်းနှင့်ဆက်သွယ်ရာ၌ အခက်အခဲတစုံတရာရှိမည် မဟုတ်ဟု မစ္စတာ အီဒင်က မြော်မြင်ပါသည်။ ထို့ပြင် မစ္စတာ မာဂျရီသည် ဗန်းမော်အရောက်လာရန် ကြိုးစားပါကလည်း ဘေးအန္တရာယ်တစုံတခု တွေ့ဖွယ်မရှိချေ။

မဟာဝန်ရှင်တော်မင်းကြီးသည် လွန်ခဲ့သောရက်အနည်းငယ်အတွင်းက ဗန်းမော်၌ တိုက်ခွဲဖွင့်ထားသည့် ရန်ကုန်မှ တရုတ်ကုန်တိုက်ကြီး၏ ဗန်းမော်ကိုယ်စားလှယ်ဖြစ်သည့် လိမ္မာရေးခြားရှိသော တရုတ်တဦးနှင့် တွေ့ဆုံစကားပြောပါသည်။ ထိုတရုတ်မှာ ဗန်းမော်မှ ယူနန်ဖူသို့ သွားရောက်ပြန်ပြီးဖြစ်၍ လမ်းခရီးမှာလုံးဝစိတ်ချရကာ အဖွဲ့သည်မည်သည့်အခက်အခဲနှင့်မျှရင်ဆိုင်ရမည် မဟုတ်ကြောင်း ဆိုသည်။ တရုတ်များကို ရှေးဦးစွာ မိုးမျဉ်း၌ တွေ့ရမည်ဖြစ်၍ ထိုနေရာမှသည် ယူနန်ဖူအထိ ကောင်းစွာသော လမ်းမကြီးရှိသည်။ မိုးမျဉ်း ဤမှာဘက်တွင်ရှိ ရှမ်းနယ်များမှာ ကျွန်ုပ်တို့အစိုးရကို လုံးဝလိုလားသူများဖြစ်ရာ အဘက်ဘက်မှ ကူညီမည် ဖြစ်သည်။

Click Here To Continue Page